mgyoe.com

SAMPLE BOOK




# ပိုင်ခိုးဝေ

ဝေး ကျန်ရစ်ခဲ့ ပန်းများဦးမျက်နှာ

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ် (၂၀၂၄ ဩဂုတ်) |
| အုပ်ရေ | – | ၅၀၀ |
| မျက်နှာဖုံးပန်းချီ | – | ကေဇာချို |
| မျက်နှာဖုံးဒီဇိုင်း | – | အောဝမ်း I Mass |
| အတွင်းပန်းချီ | – | ကေဇာချို၊ တင်ဌေးအောင်၊ ဇော်မိုးသည်း၊ မာန်ဦး၊ အာချို၊ သန့်ဇော်။ |
| အတွင်းအပြင်အဆင် | – | အကွရာမိုး (သုခစံ)၊ အမရပူရမြို့၊ မန္တလေး။ |
| ထုတ်ဝေသူ | – | ဦးညွန့်မင်းလွင်<br>မင်းစံစာပေ (မြ–၀၅၀၁၄)<br>အမှတ် ၂/၁၁၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြား၊<br>မြရည်နန္ဒာလမ်း၊ မန္တလေး။ ဖုန်း–၀၉၂၀၂၁၉၂၃ |
| ပုံနှိပ်သူ | – | ဦးဇော်မြင့်ဝင်း<br>ကာလာဇုန် ပုံနှိပ်တိုက် (မြ–၀၀၁၄၂)<br>အမှတ်–၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၀၁၉၉၄၅ |
| တန်ဖိုး | – | ၁၀၀၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK

တတိယမျိုးဆက်စာပေ စာစဉ်-၁၂

# ပိုင်စိုးဝေ

## ဝေးကျန်ရစ်ခဲ့ ပန်းများဥယျာဉ်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


* ဝေးကျန်ရစ်ခဲ့ စာစုများ (ဆ)

### ဝေးကျန်ရစ်ခဲ့ ကဗျာများ

၁။ မြို့မဘွဲ့တေးထပ် ၃
၂။ တောလမ်းအကွေ့ ၄
၃။ ထောင့်မှန်တြိဂံ ၅
၄။ ကြက်၊ ဝက်၊ ဘဲကင် နဘေပြန်ကဟပ် ၆
၅။ တူးဖိုးရိုး ဝမ်းဖိုးရိုး(၂) ၈
၆။ တင်မေအေး တစ်ဆယ့်ငါးနှစ်ပြည့်ပြီ ၉
၇။ လှိုင်းထန်တဲ့ယဉ်ကျေးမှု ၁၁

### ဝေးကျန်ရစ်ခဲ့ ရုပ်ပုံလွှာ

၁။ ရွှေပြည်ဦးဘတင် ၁၅
၂။ အသက်အရွယ်ကို ပမာမပြုသည့် ဂုရု ၂၃

### ဝေးကျန်ရစ်ခဲ့ အနုပညာအကြောင်း

၁။ ရုပ်သေးအနုပညာအကြောင်း ပြောတဲ့ ကဗျာဆရာ ၃၁
၂။ တို့မန္တလေးပန်တျာနဲ့ ပန်းချီ ပန်းပုကျောင်းကြီး
ရွှေရတုပွဲ ကျင်းပပြီးခဲ့ပါရောလား ၃၇

### ဝေးကျန်ရစ်ခဲ့ ကဗျာအကြောင်း

၁။ မိမိကဗျာထဲသို့ ပြန်လည်လမ်းလျှောက်ခြင်း(၁) ၄၅
၂။ မိမိကဗျာထဲသို့ ပြန်လည်လမ်းလျှောက်ခြင်း(၂) ၅၁
၃။ အတိသယဝုတ္တိ ကမ္ဘာ ၅၉

### ဝေးကျန်ရစ်ခဲ့ အက်ဆေးများ

၁။ ဒုတိယတန်းစား ကဗျာဆရာ ၆၇
၂။ မရောက်သောအာရုံကို ယူနိုင်ခြင်း ၇၃
၃။ မကုသခင် မေတ္တာဝင် ၇၇
၄။ နွေဦးကာလ ၈၁


mgyoe.com

mgyoe.com
SAMPLE BOOK


## ဝေးကျန်ရစ်ခဲ့ သပိုင်းဆောင်းပါးများ


၁။ မုဆိုးတကျိပ်ငါး ၈၇
၂။ ကိုးတောင်ဘို့တောင် ခွေးတစ်ပေါင် ၉၇
၃။ မန္တလေးမယ်လိုဒီ (၁) ၁၀၃
၄။ မန္တလေးမယ်လိုဒီ (၂) ၁၀၉
၅။ မန္တလေးမယ်လိုဒီ (၃) ၁၁၅


## ဝေးကျန်ရစ်ခဲ့ ဆောင်းပါးများ


၁။ ကိုယ်ပိုင် ဘာသာတရား ၁၂၅
၂။ ရျှောဘုရင်နဲ့ ထောင်ရောင်နေ ၁၃၁
၃။ စတုတ္ထမဏ္ဍိုင် ၁၃၇
၄။ အဖြောင့်ခေတ် ၁၄၁
၅။ နဂါးနိုင်ဆေးလိပ်ကုမ္ပဏီကြီး ပြိုကွဲသွားရခြင်းအကြောင်း ၁၄၅


## ဝေးကျန်ရစ်ခဲ့ ဝတ္ထုများ


၁။ တောလမ်းခရီး ၁၅၁
၂။ နီမရဲ့ နီဂိုး ၁၅၉
၃။ နီးလျက် ဝေးသောခရီး ၁၆၇
၄။ လမင်းကို ဆုံးရှုံးခဲ့ရပေါ့ ၁၇၃
၅။ ခြသေ့လည်ပြန် ၁၈၇


## ဝေးကျန်ရစ်ခဲ့ ပန်းများဥယျာဉ်


၁။ ဝေးကျန်ရစ်ခဲ့ ပန်းများဥယျာဉ် (၁)
ဦးကြီးဘာကြောင့် ပြုံးမိတယ် ၂၀၃
၂။ ဝေးကျန်ရစ်ခဲ့ ပန်းများဥယျာဉ် (၂)
နေဝင်စ ချိုးမရယ် ကူ ၂၀၉
၃။ ဝေးကျန်ရစ်ခဲ့ ပန်းများဥယျာဉ် (၃)
ချစ်သူရှိရာသို့ ၂၁၅


*

mgyoe.com

mgyoe.com SAMPLE BOOK

## ဝေးကျန်းရစ်ခဲ့ စာစုများ

ဆရာပိုင်စိုးဝေ၏ "ဝေးကျန်ရစ်ခဲ့ ပန်းများဥယျာဉ်" အမည်ပေးထားသော ယခု စာစုများသည် ဆရာပိုင်၏ "ဗုဒ္ဓဟူးနေ့မှ မိုင်ငါးရာ"၊ "လင်းနို့၏မှတ်စု"၊ "အမေ့အတွက် ကတ်တလောက်"၊ စသော ဝတ္ထုတိုပေါင်းချုပ်များ၊ "ဣတ္ထိယတောင်တန်း"၊ "မူးနေတဲ့ ကြယ်တံခွန်"ဟူသော ပိုင်စိုးဝေ ကဗျာပေါင်းချုပ်များ၊ "ကိုဘိုတူ၏ ဖြောင့်ချက်များ" စသော ဆရာနှင့် ဆက်နွယ်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ စာအုပ်များတွင် မပါဝင်သေးသော စာစုများကို ရှာဖွေစုစည်း တင်ဆက်ထားခြင်း ဖြစ်ပါသည်။

ထိုစာစုများကို ရှာဖွေကြသောအခါ ဆရာပိုင်၏ အလွန်နှံ့စပ်ကြွယ်ဝသော ရသစာပေသာ မဟုတ်၊ စာပေဗဟုသုတနှင့် ခံစားနိုင်စွမ်းသော စိတ်နေစိတ်ထား၊ ပြည့်ဝချောမွေ့သော အာရုံရုပ်များကို ဖမ်း၍ ပုံဖော်ထားသည်များကို တွေ့ရှိရပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အလွန်ထူးခြားသည်မှာ နှစ်ဆယ်ရာစု နှစ်ဦးများဆီမှ "ဖြစ်တည်မှု ပဓာန ဝါဒ" အတွေးအခေါ်ကို ဦးဆောင်ခဲ့သော ပြင်သစ်အတွေးအခေါ် ပညာရှင် "ယန်းပေါဆတ်"၏ အကြောင်း အတ္ထုပ္ပတ္တိကို ဘာသာပြန်ထားသော "အသက်အရွယ်ကို ပမာမပြုသည့် ဂုရု"ဟူသော တစ်ပုဒ်တည်းသော ဘာသာပြန်ဆောင်းပါးဖြစ်သည်။ ထိုဆောင်းပါးသည် မြားနတ်မောင် မဂ္ဂဇင်းတွင် အစောဆုံးပါဝင်ခဲ့ပြီး နောက်နောင်လည်း အခြားဘာသာပြန်များကို မတွေ့ရှိရတော့ပါ။

အခြားကဗျာ၊ ဝတ္ထု၊ အက်ဆေး၊ ဆောင်းပါးများမှာ လူသိနည်းပါးသော ရွှေရတု၊ ငွေရတု မဂ္ဂဇင်းများနှင့် ကျနော်တို့ လက်လှမ်းမီရာ ဒေသထုတ် ဂျာနယ်စာစောင်များတွင် ရေးသားခဲ့သော စာစုများဖြစ်သည်။

ဆရာပိုင် စာရေးသားနိုင်စဉ်ကာလတွင် ကျနော်တို့ သူငယ်ချင်းများ တိုက်တွန်း၊ တွန်းအားပေး ရေးစေခဲ့ရပါသည်။ တချို့ဆိုလျှင် လူကိုယ်တိုင် သွားရောက်ခေါ်ယူ၍ ဂျာနယ်တိုက်ပေါ်မှာပင် ရေးပေးရန် တောင်းဆိုခဲ့ရပါသည်။ ထိုသို့ ရေးစေသော်လည်း အလွန် အဆင့်မီသော ကြွယ်ဝသော စာစုများဖြစ်ပါသည်။

တချို့စာမူများဆိုလျှင် အလွန်အင်မတန် ရှုပ်ထွေး ဝေဝါးနေ၍ ဆရာ့မှတ်စုမူကြမ်းများကို ရှာဖွေ၍ တည်းဖြတ်သုတ်သင်ခဲ့ရပါသည်။ ဥပမာ- "ဂျော့ဘုရင်နှင့် ထောင်ရောင်နေ" ဆောင်းပါးဆိုလျှင် မူလပါရှိသော စတိုင်သစ် မဂ္ဂဇင်းတွင် ကွန်ပျူတာ Font Error ကြောင့် ဖတ်မရဖြစ်နေသည်ကို မြန်မာစာပေအတွက် အလွန်အရေးကြီးသော ဆောင်းပါးတစ်စောင်ဖြစ်၍ တတိယမျိုးဆက်အယ်ဒီတာအဖွဲ့မှာ အပင်ပန်းခံ သုတ်သင်ခဲ့ရပါသည်။

ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်သက်လျှင်လည်း ဆရာပိုင်၏ သမာသမတ်ကျသော ခံယူချက်, ယုံကြည်ချက်များကိုလည်း တွေ့ရှိရမည် ဖြစ်ပါသည်။

ထို့ထက် ယခုစာအုပ်ထုတ်ဝေသည်မှာ ဆရာပိုင်၏ နှစ်ရှစ်ဆယ်ပြည့် မွေးနေ့ကို ရည်သန်ရင်းစွဲရှိသည့်အလျောက် ဆရာ့မွေးသက္ကရာဇ်ကို တိကျသေချာရန် ရှာဖွေကြရပါသည်။ ဆရာ သက်ရှိထင်ရှားရှိစဉ်ကပင် မွေးသက္ကရာဇ်မေးမြန်းသော အခါ "ဆရာမှတ်ပုံတင်ထဲက အမှန်လား"ဟု မေးလျှင် "မှတ်ပုံတင်လည်း အမှန်မဟုတ်" ဟု ဇဝေဇဝါဖြေကြားခဲ့ပါသည်။ ယခုတော့ ဆရာ့ဇနီး အန်တီ ဒေါ်အေးကြည်၏ အစုအဆောင်း ကောင်းမှု၊ ကျေးဇူးပြုမှုဖြင့် ၁၃၀၆-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်

mgyoe.com

mgyoe.com
SAMPLE BOOK


(၂)ရက်၊ (၅၊ ဩဂုတ်လ၊ ၁၉၄၄) စနေနေ့-ဟု အတိအကျ ရခဲ့ပါပြီ။ ထို့အတွက် ဆရာ့မိသားစုအား များစွာ ကျေးဇူးတင်ကြောင်း ဤနေရာမှပင် မှတ်တမ်းတင်အပ်ပါသည်။

ယခုစာအုပ် ခေါင်းစဉ်ကိုလည်း ဆရာကိုယ်တိုင်ရေးသားခဲ့သော "လှိုင်းသစ်" မဂ္ဂဇင်းပါ ဆောင်းပါးများ နာမည်ကို ယူ၍ ပေးခဲ့ပါသည်။ ပြောရလျှင် လှိုင်းသစ် မဂ္ဂဇင်းတွင် "ဝေးကျန်ရစ်ခဲ့ ပန်းများဥယျာဉ်" (၁)၊ (၂)ကိုသာ တွေ့ခဲ့ရသော်လည်း ဆရာ့မှတ်စုများနှင့် လှိုင်းသစ် အယ်ဒီတာ ကိုအေးကိုနှင့် ကိုအောင်ဘညိုတို့ထံ ပေးစာများတွင် (၃)၊ (၄)၊ (၅)၊ (၆) ထိ ရေးပြီး ပို့ပြီးကြောင်း တွေ့ရပါသည်။

ထိုသို့တွေ့သော်ငြား အမှတ်(၃)တစ်ပုဒ်ကိုသာ ကျနော်များ အချိန်နည်းပါးမှုကြောင့် သုတ်သင်တည်းဖြတ်နိုင်ခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာကျော်စာရေးဆရာမကြီး ဂျော့အီလီယက် (၁၈၁၉-၁၈၈၀) ပြောခဲ့သလိုပင် "ကွယ်လွန်သူတို့ကို ကျွန်ုပ်တို့ မမေ့သေးသမျှ ယင်းတို့သည် ကွယ်လွန်သည် မဟုတ်သေးပေ"ဆိုသော စကားကဲ့သို့ပင် ဆရာပိုင်စိုးဝေသည် ကွယ်လွန်သည်မဟုတ်သေးကြောင်း ဤစာအုပ်ဖြင့် မှတ်တမ်းတင်လိုက်ရပါသည်။


တတိယမျိုးဆက်
အယ်ဒီတာအဖွဲ့
(၁၂-၇-၂၀၂၄)

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



# ဝေးကျန်ရစ်ခဲ့
# ကဗျာများ...

mgyoe.com


mgyoe.com
SAMPLE BOOK
J
mgyoe.com

mgyoe.com SAMPLE BOOK

## မြို့မဘွဲ့တေးထပ်

မန်းရတနာပုံ သည်ဌာန
မည်နာမလွှမ်းတယ်၊
စည်ပါလှ မန်းအလယ်မှာ
ဆန်းတကြယ် ပွင့်ဖူး၊
ငွေငန်းတံဆိပ်နဲ့ ပုံနှိမိတ်ဆောင်တယ်
ဂုဏ်, ဟိတ်, တဘောင် ထွန်းပြောင်ထိန်လို့မြူး။

အမျိုးမှန်စွာ, အဖိုးတန်ကဗျာ ကြိုးထံတျာဂန္ထဝင်မှုနဲ့
သံစဉ်အနု ပေါင်းစပ်ဆင့်လို့ကူး။
အမှန်ပင်ယခု အကောင်းအညွန့် အဖူးတွေနဲ့
ဂီတတပ်ဦး စိန်ရတုတိုင်ခဲ့ချေ၊
တွေးထင်ပြေးမြင် ရှေးယခင် ဆရာငြိမ်းကိုလ
ကမ္ဘာတစ်သိန်း ဦးခိုက်လျက်ပေ။




တေးဂီတပွင့်ဖူးဝေလျှင်
ဆွတ်ခူးချွေတစ်ပြည်လုံးမှာလ၊
သီကုံးကြ ပျော်ပျော်ရွှင်
မြို့မသံစဉ်၊
ကမ္ဘာဘုံ အလှူာစုံ သဒ္ဒါရုံအေးဖို့ ငွေငန်းရှင်မယ်
ရွှေမန်းတခွင်မှာ ရေဖျန်းသဘင်ဟာ နှစ်တိုင်းသာပလေး။ ။

မြို့မစိန်ရတုမဂ္ဂဇင်း၊ (ဇန်နဝါရီ ၂၀၀၁)

mgyoe.com

mgyoe.com
SAMPLE BOOK

## တောလမ်းအကွေ့

လှိုမြောင်ချိုင့်ဝှမ်း ကမ်းပါးနိမ့်မြင့် ကန္တာရအဆွယ်
ကုန်းကမူခင်တန်း တောလမ်းကွေ့ကောက် ချုံနွယ်ပိတ်ပေါင်း
ကြက်သီးဖိုထ နိက္ခမအငူတစ်ဖက်စွန်း
တရားနဲ့ဝေးရာ တရားရှာခရီး ကွေ့ကောက်လမ်းအသွယ်သွယ်
တောရိပ်တောင်ရိပ် စိတ်ကိုချည်နှောင်အထပ်ထပ်
ကျောင်းသခ်မ်းအနီး ပင်ဝါးရုံချုံအကွေ့
လမ်းမှုံပျပျညရဲ့ တရားဟာ ဆူညံတိတ်ဆိတ်
လမ်းမသိသူ၊ လမ်းမရှိသူ၊ လမ်းပျောက်သူ
အဓိပ္ပါယ်တွေထဲက ထွက်ပြေးလွတ်မြောက်သူ
အဓိပ္ပါယ်မရှိခြင်းတွေထဲ ပြေးဝင်ပုန်းခိုလွတ်မြောက်
ညဟာတိတ်ဆိတ်
စိတ်ဟာ စိတ်နဲ့ဝေးရာ
တောလမ်းအကွေ့မှာ။ ။

ကလျာမဂ္ဂဇင်း၊ အမှတ်-၂၉၃၊ (ဩဂုတ် ၂၀၀၉)

mgyoe.com

mgyoe.com SAMPLE BOOK



# ထောင့်မှန်တြိဂံ

မိုးကောင်းကင်မှာ
ကြယ်တာရာတွေ အများကြီး။

ကြယ်တွေ တတင်း၊ တတောင်း
ထောင်သောင်း ကုဋေကုဋာ
အသချေ် အနန္တပါပဲ။


တချို့ကြယ်တွေ
လင်းလက်နေဆဲ . . .
တချို့ ကြယ်တွေ ကြွေကျဲ
အနန္တစကြဝဠာဆီ လွင့်မျောသွားရဲ့။

ကြွေကျသွားတဲ့ ကြယ်တပွင့်ဟာ
ကဗျာတပုဒ် ဖြစ်တယ်ဆိုပါတော့
စွမ်းအားလွန် သိပ္ပံပညာနဲ့
ကဗျာတပုဒ်ရဲ့ ဇီဝကမ္မကို စောင့်ရှောက်သင့်ပါပြီ။ ။

ဒဂုန်မဂ္ဂဇင်း၊ အတွဲ-၂၊ အမှတ်-၂၊ (ဖေဖော်ဝါရီ ၁၉၈၆)

mgyoe.com

mgyoe.com
SAMPLE BOOK



# ကြက်၊ ဝက်၊ ဘဲကင် နဘေပြန်ကဟာပ်

ဝတ်ကောင်းစားလှကြီးကနေပြီး
လက်ခုစုတ်ဖြစ်ရတဲ့ဘဝအထိ
ကိုယ်တိုင်ထိုင်ပြီးစောင့်ကြည့်နေရသလိုပ။

ရာသီဥတုကလည်း ဆိုးတယ်လေ။

ကြယ်တွေကို ရေတွက်မိမှ
သုညရဲ့အဓိပ္ပာယ်ကို ပိုသိလာခဲ့တယ်။

အသံမပြည်တဲ့ခေါင်းလောင်းတွေကိုပဲ လိုက်လိုက်ထိုးမိ
ကျည်ဆန်မပါတဲ့သေနတ်နဲ့ ကိုယ့်ကိုယ်ကိုကာကွယ်
ဘာမှမရှိတဲ့တွင်းထဲ လက်တစ်ဆုံးနှိုက်
မကြားနိုင်တဲ့ ဘုရားသခင်ဆီ အော်ဟစ်တောင်းဆို
နတ်ဆိုးတွေက မြှောက်ပင့်ပေးပြန်တော့
အမှန်တရားမှတစ်ပါး တစ်ပြားသားမှလျှော့မပေးနိုင်သူကြီး
ဖြစ်လိုဖြစ်ခဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ငါက
ဘင်ခရာတီးပိုင်းမပါဘဲ ကြိုဆိုခံချင်တဲ့ကောင်မဟုတ်ဘူးလေ။

ဝေါလမ်းမကြီးပေါ်မှာတော့
ဒေဝါလီခံသွားရတဲ့ ငနဲတစ်စုနဲ့ စတော့ရှယ်ယာပိုင်ရှင်များ
ဘီးလ်ဂိတ်ရဲ့ ပညတ်တော် ၁၂ ပါး
ဖြားယောင်းသွေးဆောင်ခြင်းခံလိုက်ရတဲ့ အာရှစျေးကွက်
သွေးပျက်နေတဲ့ဘဏ်လုပ်ငန်းရှင်တွေ။

ကိုယ့်မှာတော့
ယတြာတွေ အကြိမ်ကြိမ်ချေခဲ့ပေမယ့်
အဆိုးတွေက အဆိုးအတိုင်းပဲ ဆက်ပြီးဆိုးကြတယ်
အဆက်မပြတ် မိုးကြိုးပစ်ခံနေရတယ်
လေးဒေါ်လာလောက်မှ ကိုယ့်အပေါ် မစွန့်ကြဲရက်တဲ့ကံကြမ္မာရယ်
ကြက်သားဟင်းနဲ့ ထမင်းမစားရတာလည်း ကြာလှပါပေါ့။

မကျေနပ်မှုတွေကို ကျေနပ်ချင်ယောင်ဆောင်ပြီး
ကိုယ့်ကျေနပ်မှုကလေးနဲ့ကိုယ် ကျေနပ်ဖို့ ကြိုးစားပြန်တော့
ဖိနပ်က ပြတ်ပြန်ရော။

ဒီလိုအခြေအနေမျိုးမှာ
ဘင်ဂျမင်ဖရင်ကလင်က ဘယ်လိုများပြောခဲ့ပါလိမ့်။

ဒါပေမယ့် မအေးကြည်လေး
မောင့်အချစ် မအေးကြည်လေးရေ
လေမုန်တိုင်းတိုက်နေချိန်မှာ
ကင်းမြီးကောက်ထောင်ရတာ ပိုလွယ်သပေါ့ကွယ်
နှလုံးသားဆိုတာ ရွှံ့နဲ့ လုပ်ထားတဲ့အရာ မဟုတ်ပါဘူး။

ကလေးတွေကို ရှိတာနဲ့ ကြွေးထားလိုက်
ငါ့ ဖိနပ်ချုပ်ဆိုင်သွားတယ်။ ။


မြားနတ်မောင်မဂ္ဂဇင်း၊ အမှတ်-၉၃၊ (ဖေဖော်ဝါရီ ၂၀၀၀)

mgyoe.com

mgyoe.com
SAMPLE BOOK

## တူးဇီးရိုး ဝမ်းဇီးရိုး(၂)

ရာစုတစ်ခုဟာ
လူတစ်ယောက်မွေးဖွားပြီး
ကြီးပြင်းသေဆုံးပျောက်ကွယ်သွားသလို၊
အစက်အပြောက်အပိုင်းအစ
အသေးအမွှား လူ့ဘဝရဲ့ဖြစ်စဉ်များဟာလည်း
မီးရထားတစ်စင်း ခုတ်မောင်းထွက်ခွာသွားသလို
အနိစ္စတရားရဲ့ ခံတွင်းဝမှာ
မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ရေပွက်ပမာ
ခုမြင် . . .ခုပျောက် . . .ကုန်ဆုံး
နိဂုံးချုပ်ခဲ့ကြတာပဲ။



အနှစ်တစ်ရာ၊ အနှစ်တစ်ထောင်များ
ဆယ်စုနှစ်အထပ်ထပ်များ
ဖြတ်သွားခဲ့၊ ထားရစ်ခဲ့
သယ်ဆောင်ခြင်းဌာ မစွမ်းနိုင်။


ကမ္ဘာဦးအစ အသင်လူသား
သင်တို့ထားရစ်ခဲ့သည့် ကောင်းမွေ ဆိုးမွေ
ကျွန်ုပ်တို့ခံယူခဲ့ပေသည်။

ခရစ်နှစ်၂၀၁၀
နှစ်ထောင့်တစ်ဆယ် ဇန်နဝါရီတစ်
တစ်ဖြောင့်တည်းကွေ့ကောက်ခဲ့သော လူ့သမိုင်း၏ရင်ခုန်သံများ
အကုသိုလ်အညစ်အကြေးတို့မှ ကင်းဝေးပါစေသား။ ။

ကလျာမဂ္ဂဇင်း၊ အမှတ်-၃၀၀၊ (မတ် ၂၀၁၀)

mgyoe.com

mgyoe.com SAMPLE BOOK



## တင်မေအေး တစ်ဆယ့်ငါးနှစ်ပြည့်ပြီ

မမျှော်လင့်တဲ့တစ်နေ့မှာ မျှော်လင့်ထားတာတွေ
မမျှော်လင့်ဘဲ သူမထံ
ရောက်လာမှာပဲလို့ တင်မေအေး မျှော်လင့်တယ်။

သည်ကနေ့ သူမရဲ့
တစ်ဆယ့်ငါးကြိမ်မြောက် မွေးနေ့ပွဲကျင်းပတယ်။

တစုံတခုဟာ တစုံတယောက်အတွက် တစုံတရာ
တစုံတရာဟာ တစုံတယောက်ဆီက တစုံတခု
သူမ မျှော်လင့်တယ်။

သူမ မသိနိုင်တဲ့ နားလည်နိုင်တဲ့ ရှုပ်ထွေးဆန်းပြားတဲ့
တစုံတရာကို
သူမ မျှော်လင့်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

သဘာဝကတောင်းဆိုမှု၊ ရှက်စိတ်၊ သန့်ရှင်းစင်ကြယ်လိုမှု၊
ပုန်းနေတဲ့ဆန္ဒ
လောကရဲ့ဖြစ်စဉ် နိယာမများနဲ့အညီ
သူမရဲ့ အတွင်းစိတ်က သူမကို တောင်းဆိုတယ်။

တင်မေအေး ကျန်းမာသန်စွမ်းတယ်၊ နုပျိုလန်းဆန်းတယ်
"ရှက်ခြင်းသည်
ကျန်းမာနုပျိုသော မိန်းကလေးတစ်ဦးအတွက်
သဘာဝမကျပေ" ဟူသော နီတိကို
တင်မေအေး လက်ခံတယ်။

တင်မေအေး တစ်ဆယ့်ငါးနှစ်ပြည့်ပြီ
မျှော်လင့်ထားတာတွေ မျှော်လင့်ထားတဲ့အတိုင်း
တင်မေအေးထံ ရောက်လာတယ်။ ။

ကလျာမဂ္ဂဇင်း၊ အမှတ်-၃၀၉၊ (ဒီဇင်ဘာ၊ ၂၀၁၀)

mgyoe.com

mgyoe.com SAMPLE BOOK



## လှိုင်းထန်တဲ့ယဉ်ကျေးမှု

ငါအော်လိုက်တာ ကမ္ဘာကြီး ကြားသွားတယ်။
အလိုတူသည်ဖြစ်စေ
မတူသည်ဖြစ်စေ
ရာသီဥတုကတော့ ပြောင်းလဲနေမှာပဲ။

ရည်းစားဦးနဲ့ ကွဲတဲ့ညကပေါ့
ကြယ်တွေကို ရေတွက်မိမှ
သုညရဲ့အဓိပ္ပာယ်ကို ပိုပိုပြီးသိလာခဲ့တယ်
အသံမပြည်တဲ့ခေါင်းလောင်းတွေကိုပဲ လိုက်လိုက်ထိုးမိ
ကျည်ဆံမပါတဲ့ သေနတ်နဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်
ဘာမှမရှိတဲ့တွင်းထဲ လက်တဆုံးနှိုက်
မကြားနိုင်တဲ့ ဘုရားသခင်ဆီ အော်ဟစ်တောင်းဆို
နတ်ဆိုးတွေက မြှောက်ပင့်ပေးပြန်တော့
အမှန်တရားမှ တပါး
တစ်ပြားသားမှ အလျှော့မပေးနိုင်သူကြီးဖြစ်လိုဖြစ်ခဲ့။

ငါက
ဘင်ခရာတီးဝိုင်းနဲ့မှ အကြိုဆိုခံချင်တဲ့ကောင်။
ဝေါလမ်းမကြီးပေါ်မှာတော့
ဒေဝါလီခံသွားရတဲ့ ငနဲတစ်စုနဲ့

mgyoe.com

mgyoe.com

SAMPLE BOOK


စတော့ရှယ်ယာပိုင်ရှင်များ
ဘီးလ်ဂိတ်ရဲ့ ပညတ်တော်(၁၂)ပါးနဲ့
ဖျားယောင်းသွေးဆောင်ခြင်းခံလိုက်ရတဲ့ အာရှဈေးကွက်
သွေးပျက်နေတဲ့  ဘဏ်လုပ်ငန်းရှင်တွေ။
ကိုယ့်မှာသာ
ယတြာတွေအကြိမ်ကြိမ်ချေပေမယ့်
အဆိုးတွေက အဆိုးတိုင်းပဲ ဆက်ပြီးဆိုးကြတယ်
လေးဒေါ်လာလောက်မှ
ကိုယ့်အပေါ်မစွန့်ကြဲရက်တဲ့ ကံကြမ္မာရယ်
ကြက်သားဟင်းနဲ့ ထမင်းမစားရတာလည်း ကြာလှပါပေါ့။

မကျေနပ်မှုတွေကို ကျေနပ်ချင်ယောင်ဆောင်ပြီး
ကိုယ့်ကျေနပ်မှုကလေးနဲ့ကိုယ် ကျေနပ်ဖို့ကြိုးစားပြန်တော့
ဖိနပ်ကပြတ်ပြန်ရော။

ဒီလိုအခြေအနေမျိုးမှာ
ဘင်ဂျမင်ဖရင်ကလင်က ဘယ်လိုများပြောခဲ့ဖူးပါလိမ့်။


ဒါပေမဲ့ မအေးကြည်လေး...
မောင့်အချစ် မအေးကြည်လေးရေ
လေမုန်တိုင်း တိုက်နေချိန်မှာ
ကင်းမြီးကောက်ထောင်ရတာ ပိုလွယ်သလိုကွယ့်
နှလုံးသားဆိုတာ
ရွှံ့နဲ့လုပ်ထားတဲ့အရာ မဟုတ်ပါဘူး။

ငါဟာ
လှိုင်းထန်တဲ့ယဉ်ကျေးမှုကြားက
လှိုင်းထန်တဲ့မြစ်ကြီးတစ်စင်းပဲ။
ကလေးတွေကို ရှိတာနဲ့ကျွေးထားလိုက်
ငါ ဆက်ပြီးစီးဆင်းမယ်။  ။

လှိုင်းသစ်မင်္ဂဖင်း၊ (အောက်တိုဘာ ၂၀၀၉)

mgyoe.com

mgyoe.com SAMPLE BOOK



# ဝေးကျန်ရစ်ခဲ့
# ရုပ်ပုံလွှာ . . .

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com SAMPLE BOOK



# ရွှေပြည်ဦးဘတင်

ရွှေပြည်ဦးဘတင်သည် ရဟန်းဘဝနှင့် (၉)ဝါရပြီးမှ လူထွက်ခဲ့သူဖြစ်သည်။ ရဟန်းအဖြစ်မှ လူဝတ်လဲပြီးနောက် ကျောင်းဆရာ၊ နိုင်ငံရေးသမား မြူနီစီပယ်လူကြီး၊ လွှတ်တော်အမတ်၊ မြန်မာစာဌာနမှူး၊ သမိုင်းသုတေသနဌာနမှူး၊ ပန်တျာနှင့် အနုပညာကျောင်းအုပ်ကြီး၊ ယဉ်ကျေးမှုဆိုင်ရာအတိုင်ပင်ခံ စာရေးဆရာစသည်ဖြင့် လောကအမျိုးမျိုးထဲသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ ပင်ကိုယ်ဗီဇအရ ပညာရေး လောက၊ စာပေအနုပညာလောကနှင့်ကင်းကွာပြီး နေလိုသူမဟုတ်သော်လည်း ပတ်ဝန်းကျင်နှင့် ခေတ်ကာလအခြေအနေအရ နိုင်ငံရေးလောက၊ လူမှုရေးလောကနှင့် သာသနာရေးကိစ္စ၊ နိုင်ငံတော်ဝန်ထမ်း စသည်ဖြင့် အမျိုးမျိုးဆောင်ရွက်ခဲ့ရသူ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရွှေပြည်ဦးဘတင်၏ အဖိုးမှာ မင်းကြီးမဟာမင်းလှ မင်းခေါင်ကျော်ဘွဲ့ရ မင်းမှုထမ်းတစ်ဦး ဖြစ်သည်။ မန္တလေးရတနာပုံ နေပြည်တော်ကို စတင်မြို့တည်သည့် နှစ်မှာ (၁၂၁၈)ဖြစ်သည်။ ထိုမြို့တည်ရာ၌ ရွှေပြည်ဦးဘတင်၏ အဖိုးမှာ ဆော်ဖန် ကြပ်မတ်ရသူ မြန်မာ အရာရှိတစ်ဦးဖြစ်သည်။ တပ်သား(၄၀၀)ရှိတပ်ကို ကြီးမှူးရ သည်။ ၎င်းတပ်ကို နတ်ရှင်ရွေးတပ်ဟုခေါ်သည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စတင်ရွေးချယ်ဖွဲ့စည်းခဲ့သည့်တပ်လည်းဖြစ်သည်။ ရှမ်းပြည် တောင်ပိုင်းနယ်အားလုံးကို စီမံအုပ်ချုပ်ရသောကြောင့် မိုးနဲတပ်စစ်ကဲတော်ကြီး ဟုလည်းခေါ်သည်။ နတ်ရှင်ရွေးသေနတ်ဗိုလ်ဟုလည်း ခေါ်သည်။

၎င်း၏သား ရွှေပြည်ဦးဘတင်၏ဖခင် ဦးငွေဘူးမှာ သီပေါဘုရင်နှင့် တစ်နေ့တည်း တစ်နံနက်တည်းမွေး (၁၂၂၀)ခုနှစ်ဖွားဖြစ်သည်။ သီပေါဘုရင်နန်းကျ ပြီးနောက် (၉)နှစ်အကြာတွင် ရွှေပြည်ဦးဘတင်ကို မွေးပါသည်။ မန္တလေးမြို့၊ အနောက်ပြင် မေယဂီရိရပ်၊ အဖမြို့သူကြီးဦးငွေဘူး၊ အမိ ဒေါ်မြစ်တို့မှ ၁၂၅၆-ခု ကဆုန်လဆုတ် (၁၁)ရက် အင်္ဂါနေ့ဖွား ဖြစ်ပါသည်။ မွေးချင်းဟူ၍ ဖအေတူ အမေကွဲ မယဂီရိရပ်မြို့မသူကြီးဟောင်း ဦးကိုကြီးတစ်ဦးသာ ရှိသည်။

ရွှေပြည်ဦးဘတင်သည် လက်နက်တိုက်ဝန်ဦးအောင်မင်း တည်ထောင်ခဲ့သည့် ဓမ္မာရာမတိုက်တွင် ဦးစွာပညာသင်ကြားပြီး မန္တလေးမြို့အနောက်ပြင် ဆင်တဲတိုက်သစ် တွင် ရှင်သာမဏေဘဝဖြင့် ဆက်လက်ပညာသင်ကြားပါသည်။ (၅)နှစ်သားတွင် ရှင်ပြု၍ ၎င်းကျောင်းတိုက်မှ ရှင်လူထွက်ခဲ့ပါသည်။ (၁၈)နှစ်သားတွင် ရှင်သာမဏေ ပြန်ဝတ်၍ အသက်(၂၀)အရွယ်တွင် ပဉ္စင်းတက်ခဲ့ပြီး ရဟန်းဘဝရောက်ခဲ့သည်။ ရွှေပြည်ရပ်ကွက်အနီးရှိ ခေမာသီဝံတိုက်တွင်လည်း အချိန်ကြာမြင့်စွာ စာသင် ယူခဲ့ပါသည်။ လက်ဦးကျေးဇူးရှင် ဆရာတော်များမှာ ဆင်တဲဆရာတော်နှင့် ခေမာသီဝံဆရာတော်တို့ ဖြစ်ကြသည်။

ရဟန်းဘဝတွင် စာချခြင်း၊ ဓမ္မကထိကအဖြစ် တရားပွဲစဉ် အများအပြားတို့၌ တရားဟောကြားခြင်း၊ သံဃသာမဂ္ဂီအသင်းခေါင်းဆောင်အဖြစ် ပင်နီသင်္ကန်းဝတ်ကာ ဝံသာနုနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပါသည်။ ရဟန်းကိုးဝါအရတွင် လူထွက်ပြီး အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုများထဲ ကူးပြောင်းရောက်ရှိခဲ့သည်။

အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများထဲ ရောက်ရှိလာသောအခါ မန္တလေး ဗဟိုအမျိုးသားကျောင်းကော်မတီတွင် ပါဝင်ကာ တစ်ဖက်မှလည်း ကိုယ်တိုင်မြန်မာစာ

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ရာဇဝင်ဆရာအဖြစ် (၁၀)နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့သည်။

ထိုစဉ်က ဗဟိုအမျိုးသားကျောင်းအုပ်ကြီးမှာ နိုင်ငံရေးခေါင်းဆောင်ကြီး ဦးထွန်းရှိန်(ဖေ၊ ပု၊ ရှိန်)၏ညီ ဦးဘတင်ဖြစ်သည်။ ၎င်းဦးဘတင်မှာ ကာတွန်း ဦးဖေသိန်း၏ ဖခင်ဖြစ်ပါသည်။ ၎င်းကျောင်းကို စတင်တည်ဆောက်စဉ်က များစွာ ချို့တဲ့အားနည်းလှပြီး ဆရာများမှာ လစာမှန်မှန်ပင် မရရှာကြ။ ဖြစ်သလိုနှင့် အမျိုးသား ကျောင်းကြီး တည်တံ့မှုအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြရသည်။ ထိုသို့ကြိုးပမ်းရာတွင် ရွှေပြည်ဦးဘတင်သည် မိမိအိတ်ထဲမှ စိုက်ထုတ်ချေးငှားကာ အလုပ်လုပ်နိုင်ရေး အတွက် ကူညီခဲ့ရပါသည်။

ရွှေပြည်ဦးဘတင်သည် အမျိုးသားကျောင်းအပေါ် အထူးပင်သံယောဇဉ်ကြီး သည်။ သူ၏သားသမီးများကိုပင် အိမ်နှင့် အနီးနားတွင်ရှိသော မစ်ရှင်သာသနာပြု ကျောင်းများ၌ မထားပါ။ အမူအကျင့်ပျက်မည်စိုးသည်ဆိုကာ အမျိုးသားကျောင်းမှာသာ အပ်နှံခဲ့သည်။

နိုင်ငံရေးလောကတွင်လည်း ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးတွင် တစ်ကြိမ်၊ စစ်ပြီး နောက်တွင် တစ်ကြိမ် မန္တလေးမြို့ မြူနီစီပယ်လူကြီးအဖြစ် နှစ်ကြိမ်လုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်လု-ဖြစ်ဆဲမှာပင် လွှတ်တော်အမတ်အဖြစ် ဆောင်ရွက်ခဲ့သေး သည်။ ထိုစဉ်က ပထမဆုံးအကြိမ် လွှတ်တော်အစည်းအဝေးတက်ရချိန်မှာ ရုတ်ရုတ် ရက်ရက် အခြေအနေဖြစ်ပါသည်။ အကယ်၍ ဗုံးကြပါက အမတ်များအတွက် လုံခြုံမှုအစီအစဉ် မရှိပါ။ "ပြေးချင်ရာပြေးကြပါ"ဟူ၍ ကြေညာထားသည့်ကာလ ဖြစ်ပါသည်။

ရွှေပြည်ဦးဘတင်သည် မန္တလေးအရေးပိုင် ဘာရင်တန်လက်ထက်တွင် ပုဒ်မ (၅)ဖြင့် အဖမ်းခံရရာ ၁၉၄၈-ခုနှစ်တွင် လွတ်လပ်ရေးမကြေညာမီ (၅)ရက်အလို တွင်မှ လွတ်လာပါသည်။ ထိုအဖမ်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ အစိုးရက ဟသ်ာတ ဦးမြနှင့် အိုင်စီအက်စ်ဦးချမ်းသာတို့ကို လွှတ်ပြီး တောင်းပန်ခိုင်းစေပါသည်။

ရွှေပြည်ဦးဘတင် ကွယ်လွန်သွားပုံမှာလည်း အောက်မေ့ အမှတ်ရဖွယ် ကောင်းလှပါသည်။ မိမိမြတ်နိုးလှသည့် မြန်မာစာ၊ မြန်မာမှုတို့ကို ဟောပြောပို့ချခဲ့ရာ သေသည့်နေ့၊ အချိန်အထိပင်ဖြစ်သည်။ ကွယ်လွန်သည့်နေ့ ၁၃၂၈-ခု၊ နတ်တော်လ ဆန်း (၁)ရက်နေ့တွင် အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပ သည့် ဓမ္မဗိမာန်စာဆိုတော်နေ့ စာပေဟောပြောပွဲမှ ပြန်လာလာပြီး မိမိအိမ်တွင်

mgyoe.com

ခေတ္တလှဲနေရာမှ အမျိုးသားကျောင်း(အမှတ်-၂၊ အ. ထ. က)သို့ ဆက်လက် သွား ရောက်ဟောပြောမည့်ဆဲဆဲ မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း ကွယ်လွန်ရခြင်း ဖြစ်သည်။

စစ်သားတို့သည် စစ်မြေပြင်၌စစ်တိုက်ရင်းသေကြရသည်။ ဇာတ်မင်းသား ရွှေမန်းတင်မောင်မှာ ဇာတ်ခုံပေါ်၌ ဇာတ်ကရင်းသေခဲ့ရသည်။ စာပေယဉ်ကျေးမှုကို လေးစားတန်ဖိုးထားသော ဆရာကြီးရွှေပြည်ဦးဘတင်လည်း စာပေဟောပြောပွဲတစ်ခုမှ နောက်ထပ်စာပေ ဟောပြောပွဲတစ်ခုသို့ သွားမည့်ဆဲဆဲသေခဲ့ရသည်။

ဆရာကြီးရွှေပြည်ဦးဘတင်၏ ပထမအိမ်ထောင်မှာ ဒေါ်ဝေ ဖြစ်သည်။ ၎င်းအိမ်ထောင်နှင့် သားတစ်ယောက်ထွန်းကားပါသည်။ ဒေါ်ဝေသေဆုံးပြီးနောက် ဒေါ်အုန်းသင်နှင့်လက်ထပ်၍ သားလေးယောက် ထွန်းကားသည်။

**မှတ်စုများ**

ရွှေပြည်ဦးဘတင်ဟု အမည်ခံယူခြင်းမှာ "ရွှေပြည်ကြီး × × × ဦးအောင်ပင် လှမ်း၊ နန်းရွှေရိပ်လှို့ ရွှေဘုံဟန်သာကွန်းမှာလ × × × ယွန်းနတ်ကယ်စီ ပြာသာဒ်ဖျားဆီက × × ×" အစရှိသည့် သီချင်းသည် မန္တလေးတွင် ပျံ့နှံ့ခေတ်စားခဲ့သည်။ ထိုသီချင်းပျံ့နှံ့ ခေတ်စားနေစဉ်က ရွှေပြည်ဦးဘတင်မှာ အသက်နှစ်ဆယ်ခန့်ရှိပြီ၊ ပညာသင်သည့် ကျောင်းမှာလည်း ရွှေပြည်ရပ်တွင်ရှိသည်။ ရွှေပြည်ရပ်မှာ ရွှေပြည်မြင်းတပ် အစုသားများ နေထိုင်ရာ ဖြစ်ပါသည်။ သို့ဖြင့် အရပ်ကို အကြောင်းပြု၍လည်းကောင်း၊ ရွှေပြည်သီချင်းကို အစွဲပြု၍ လည်းကောင်း "ရွှေပြည်ဦးဘတင်" ဟူ၍ တွင်မှတ်ပြု လာခြင်း ဖြစ်သည်။

ရန်ကုန်မှ ဗိုလ်မှူးဘရှင်တို့ မန္တလေးသို့လာကာ (ကာချင်း) သီဆိုပုံကို အသံသွင်းရာ မင်းသားကြီးရွှေဒေါင်းညိုကို ရွှေပြည်ဦးဘတင်၏ ညွှန်ကြားချက်ဖြင့် သီဆိုစေခြင်းဖြစ်ပါသည်။ တဖန် ရန်ကုန် ဂျူဗလီဟောတွင် ပဥ္စမသင်္ဂါယနာတင်လေး ချိုးနှင့် ဦးတိုး၏ ရာမရကန်မှ စိမ့်ကြီးမြိုင်ကြီးအပိုဒ်ကို ရွှေပြည်ဦးဘတင် ကိုယ်တိုင် သီဆိုအသံသွင်းခဲ့ပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၂-ခုနှစ်မှ ကွယ်လွန်သည့် အချိန်အထိ မန္တလေးဆရာအတတ်သင်သိပ္ပံကျောင်း မြန်မာစာဌာနမှူးအဖြစ်လည်းကောင်း၊ သမိုင်းသုတေသနကော်မရှင် သုတေသနဌာနမှူး (ဂီတ)အဖြစ်လည်းကောင်း၊ မန္တလေး ပန်တျာနှင့် အနုပညာကျောင်း ကျောင်းအုပ်ကြီးအဖြစ်လည်းကောင်း၊ စာပေ၊ ဂီတ၊

mgyoe.com

mgyoe.com
SAMPLE BOOK


မြန်မာမှုအစုစုနှင့် ပတ်သက်၍ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရဖွဲ့စည်းထားသော မြန်မာသီချင်းကြီးများ မူမှန်ရေးအဖွဲ့တွင် မန္တလေးမှ ဆရာဘကလေး၊ ဆရာမြို့မငြိမ်းတို့နှင့်အတူ ရန်ကုန်သို့ သွားပြီး ကူညီခဲ့သည်။

၁၉၅၇/၅၈- ခုနှစ် မန်းရာပြည့်မတိုင်မီက မန္တလေးတက္ကသိုလ် မြန်မာစာဌာနက ကမကထပြုလုပ်၍ ရာဇဝင်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရပ်များကို ဟောပြောစေ၍ ဟောပြောပွဲပေါင်း(၁၀၀)ကျော်အထိဟောပြောခဲ့ရာ ဟောသမျှတို့ကို အသံသွင်းတိတ်ခွေသွင်းထားရာ အခွေပေါင်း (၅၀)ကျော်အထိရှိသည်။

မြဝတီမဂ္ဂဇင်းတွင် ရွှေပြည်ဦးဘတင် အခန်းဆက် ရေးသားခဲ့သော "မြန်မာ့စာပေဂီတ ဆောင်းပါးများမှာ ဂီတစာပေနှင့် ပတ်သက်သော မှတ်သားဖွယ်တို့ စုံလင်လှသည်။ ရွှေပြည်ဦးဘတင်၏ အတ္ထုပ္ပတ္တိ တစွန်းတစဟုဆိုနိုင်သော ဆောင်းပါးအမှတ်(၁၈)မှ အဖွင့်စကားစာပိုဒ်ကို ဖော်ပြလိုပါသည်။

> ကျွန်ုပ်အား အဆိုသင်ပေးသူ ဆရာရင်းကား ရပ်သေးဆရာကြီး အရိုးအဆိုကျော် မန္တလေးပလိုင်းရပ်နေ ဦးထွန်းဆိုင်တည်း။ ဦးထွန်းဆိုင်၏ ဆရာတစ်ဦးကား စောင်းဆရာကြီး ဦးဖူးခေါင်တည်း။ ဦးဖူးခေါင်၏ ဆရာရင်းကား မြဝတီမင်းကြီး ဦးစတည်း။ ထို့ကြောင့် ဤဆောင်းပါးရေးသူကား မြဝတီမင်းကြီး၏ပညာအမွေကို ဆက်ခံခဲ့ကြသော သားမြေးမြစ်တို့တွင် ကျွန်ုပ်ကား ပညာအမွေခံ(မြစ်) ဖြစ်သည်။ သွေးသားဆက်စပ်သော မြစ်ကား မဟုတ်။

-ဟုဖော်ပြထားပေရာ ရွှေပြည်ဦးဘတင်၏ ပညာရေးလမ်းကြောင်းနှင့် ဆရာအစဉ်အဆက်လမ်းကြောင်းတို့ကို သိနိုင်ပေသည်။ ထို့အပြင် ထိုဆောင်းပါး၌ပင် စကားအသုံးအနှုန်းနှင့်ပတ်သက်၍. . .

> မည်သည့်အလင်္ကာသီချင်း စာပေမဆို အဆင့်အတန်းရှိဖို့ လိုလှပေသည်။ ဥပမာ စကားတစ်လုံး၏သာကေပြရလျှင် ရှင်ဘုရင့်မိန်းမဆိုလျှင် မကောင်းပေ။ ရှင်ဘုရင့်မယားဆိုလျှင်လည်း မကောင်းသေးပေ။ ကိုယ်လုပ်တော်ဆိုလျှင် သင့်ပြီ ဖြစ်၏။ မြော်သားဆိုက သာ၍ စကားလှ၏။ မိဖုရားဆိုလျှင် ခန့်ညားထည်ဝါ၍ လာ၏။ အရှင့်မိဖုရားဆိုလျှင် သာ၍ကောင်း ၏။ နန်းမတော်ဆိုလျှင်ကား ကျက်သရေရှိလှတော့၏။ အရှင့်နန်းမတော်ဆိုလျှင်

mgyoe.com

mgyoe.com


> သာ၍ ကျက်သရေရှိ၏။ အရှင့်နန်းမတော် မိဖုရားဆိုလျှင် မွန်မြတ် လှပေ၏။ အရှင့်နန်းမတော် မိဖုရားခေါင်ကြီး ဖုရားဆိုလျှင်ကား အထွတ်အထိပ်စကားလုံးဖြစ်၏။ ရှစ်သောင်းညာတင် အရှင့်နန်း မတော်မိဖုရားခေါင်ကြီးဖုရားဆိုမူကား ထိပ်ဆုံးအဆင့်အတန်းသို့ စကားရောက်၏။

မြဝတီစာပေဂီတဆောင်းပါးများမှာ မြဝတီမင်းကြီးဦးစကို အခြေခံ၍ ကျယ်ပြောလှသောစာပေ၊ ဂီတဆိုင်ရာတို့ကိုအကျယ်ဖွင့်ဆို ရေးသားထားရာ စာပေသမား၊ ဂီတသမားတို့အဖို့ ကျယ်ဝန်းလှသည့် ပင်လယ်သမုဒ္ဒရာကြီးထဲ ငါးကြီးအာနန္ဒာကူးခတ်သကဲ့သို့ လွတ်လပ်ပေါ့ပါးစွာ ကူးခတ်နိုင်ပေလိမ့်မည်။

ကောင်းကင်ရှိ နက္ခတ်တာရာတို့နှင့်ပတ်သက်၍လည်း ဆရာကြီး၏ လေ့လာထားရှိပုံ ဗဟုသုတကို ထိုမြဝတီစာပေဂီတ ဆောင်းပါးများတွင် အကဲခတ် နိုင်ပေသည်။ ဆရာကြီးရေးဆွဲသည့် "ကြန္တီပုံနက္ခတ်ဇယား"လည်း ရှိသေးသည်။ ကြန္တီပုံနက္ခတ်ဇယား ဆိုသည်မှာ ကောင်းကင်မှ နက္ခတ်အသွားအလာကို တိုင်းတာသော ဇယားပုံဖြစ်ပါသည်။ ထိုဇယားမြေပုံကို ညောင်ကန်ဆရာတော်နှင့် ကန္တီအတွင်းဝန်တို့၏ အမိန့်ဖြင့် ရွှေပြည်ဦးဘတင်သည် သုံးနှစ်သုံးမိုး ဇယားဆွဲခဲ့ရသည်။ မြန်မာနည်းအား ဖြင့် အံသာကွက်(၃၆၀)ကို ရေးဆွဲပြီး နက္ခတ်(၂၇)လုံးကို တိုင်းထွာခြင်း ဖြစ်ပါသည်။ မည်သည့် အံသာကွက်တွင် မည်သည့်နက္ခတ်ရှိနေသနည်းဆိုသည်ကို သိအောင် လုပ်ခြင်းဖြစ်ပါသည်။ ထိုဇယားရေးဆွဲပြီးသောအခါ ပုံနှိပ်၍ ထိုခေတ်က ရန်ကုန် မန္တလေးသတင်းစာများ၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် ဘားနဒ်စာကြည့် တိုက်များသို့ ပေးပို့လှူဒါန်းခဲ့ပါသည်။

တခါက မန္တလေးပန်တျာနှင့် အနုပညာကျောင်းတွင် တွဲဖက်တာဝန်ယူခဲ့ဖူးသူ ဗိုလ်မှူးခင်မောင်ညို(မန်း)က ဆရာကြီးရွှေပြည်ဦးဘတင်နှင့် ပတ်သက်ပြီး ပြောခဲ့ သောစကားများကို ကျွန်တော် အမှတ်ရမိပါသည်။ ဗိုလ်မှူးက ဆရာကြီးအား "ဆရာ ရွှေပြည်"ဟုသာ ချစ်ခင်လေးစားစွာ ခေါ်လေ့ရှိပါသည်။

> "ဆရာရွှေပြည်ကတော့ဗျာ... မြန်မာစာပေ၊ မြန်မာ ဂီတ၊ မြန်မာမှုနှင့် ပတ်သက်ပြီး အကုန်တတ်၊ အကုန်သိတဲ့ ပုဂ္ဂိုလ် ကြီးပါဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတတ်သိနားလည်ထားတာတွေက များလွန်းတယ်ဗျာ၊ နွားလှည်းဘီးမှာ တပ်တဲ့ တပ်ဆင်မှုကအစ နန်းမြို့ရိုးရဲ့ ပြာသာဒ်အထိ၊ ငှက်မြတ်နား၊ ရာမလက်ညှိုး၊ ထုပိကာ၊ ကြာမှောက်ကြာလှန်၊ မိုးမျှော်၊ ရွှဲ…စတာတွေကို အပြည့်အစုံလက်ာနဲ့ ရွတ်ပြနိုင်တာဗျ။ ဆရာကြီးကို လေးစားကြည်ညိုနေရတာ ဒီနေ့ထိ မမေ့နိုင်ပါဘူးဗျာ။ ထီးသုံးနန်းသုံး စာပေစကားရပ်နဲ့ သုံးနှုန်းရမလား၊ အရပ်သားစကားနဲ့ ပြောရမလား၊ ပြောနိုင်တယ်ဗျ။

အခု ခင်ဗျားတို့မန္တလေး နှစ်(၁၅၀) ပြည့်ပွဲကြီးမှာ ဆရာကြီးရွှေပြည်သာ ရှိခဲ့ရင် ဘယ်လောက်ထိတန်ဖိုးရှိလိုက်မလဲဗျာ။ သူ့အသိဉာဏ်၊ သူ့ဗဟုသုတ၊ သူ့စိတ်ဓာတ်၊ သူ့ဆောင်ရွက်မှု အစစအရာရာ၊ သူနဲ့ပတ်သက်သမျှ တွေးမိလိုက်တိုင်း ကျွန်တော်ရှိမခိုးဘဲ မနေနိုင်ပါဘူး။ အမြဲပဲရှိခိုးမိပါတယ်ဗျာ"။

ဆရာကြီးရွှေပြည်ဦးဘတင် ရေးသားပြုစုခဲ့သော စာအုပ် များမှာ

၁။ မြဝတီစာပေဂီတ

၂။ မှန်နန်းရာဇဝင်ကလေး

၃။ စစ်ကိုင်းတောင်သမိုင်း

၄။ မြန်မာစာပေလောက

(၎င်းစာပေလောကစာအုပ်တွင် သားဖြစ်သူကိုညိုက မျက်နှာဖုံးဒီဇိုင်း ရေးဆွဲပြီး သားဖြစ်သူမောင်တင်ဝင်းက နိဒါန်းစကား (ရွှေပြည်ဦးဘတင်၏ အတ္ထုပ္ပတ္တိအကျဉ်း)ရေးသားသည်။)

---

ကျမ်းကိုး

၁။ မြဝတီစာပေဂီတ (မြဝတီမဂ္ဂဇင်းဟောင်းများမှ ဆောင်းပါးများ)

၂။ မြန်မာစာပေလောက (မောင်တင်ဝင်း၏ နိဒါန်း)

*

မန္တလေးအထင်ကရမဂ္ဂဇင်း Mandalay ICON ၊ အတွဲ-၁၊ အမှတ်-၆၊ (ဇန်နဝါရီ ၂၀၀၉)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK



သူသည် ဖားပြုတ်တစ်ကောင်နှင့် တူသည်ဟု သူ့အကြောင်းကို သူပြန်ပြောခဲ့သည်။ လိင်မှုကိစ္စဆိုင်ရာ သူ့ဘဝမှာ အဟောင်းထဲတွင် ဝဲလည်လှည့်နေသည့် မဲပြာပုဆိုး အသောပြဇာတ်တစ်ခု၏ ဇာတ်လမ်းမျိုးထက် ပိုမိုရှုပ်ထွေးလှသည်။

"ယထာဘူတ တရားထက် လိင်ကိစ္စက သူ့ကို ပိုပြီးစွဲဆောင်နိုင်ခဲ့သည်" ဟု ပွင့်ပွင့်လင်းလင်းပင် ရယ်မောလျက် ဖွင့်ဟဝန်ခံခဲ့ဖူးလေသည်။ လျှို့ဝှက်သိမ်မွေ့လှသည့် ယေဘုယျသဘောတရားကို စွဲလမ်းအမှတ်ရဖွယ် စကားပုံ အတိုအစတစ်ခု အဖြစ်သို့ လည်းကောင်း၊ စင်တင်ပြဇာတ်တစ်ပုဒ်အဖြစ်သို့လည်းကောင်း၊ ပြောင်းလဲပစ်နိုင်စွမ်းသော ဖွယ်ဖွယ်ရာရာ ရှိလှသည့် စကားပြေစတိုင်တစ်ခုကိုသာ ဦးဆောင်ပြီး၊ သူသည် အဘိဓမ္မာဆရာတစ်ဦးကဲ့သို့ မရေးသားခဲ့ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် အဘိဓမ္မာဆရာများ၏ ဩဇာလွှမ်းမိုးမှု ကုန်ဆုံးသွားသောသမိုင်းကဏ္ဍတစ်ရပ်၌ ယန်းပေါဆတ်သည် ဩဇာအာဏာပြည့်ဝသည့် ဒဿနဆရာတစ်ဦးဖြစ်ဖို့ ကြိုးပမ်းခဲ့သည်။

ထိုအချိန်မှာ ဒုတိယကမ္ဘာစစ်၏ ရိုက်ခတ်မှုဒဏ်ကြောင့် ဖြစ်ပေါ်လာရသော ခါးသီးနာကြည်းဖွယ် အနိဋ္ဌာရုံကာလ ဖြစ်သည်။ အဒေါ့ဖ်ဟစ်တလာအားဖြင့် ကိုယ်စား ပြုခဲ့သည့် အကြွင်းမဲ့သော မကောင်းမှု အနိဋ္ဌာရုံများ၏ လှုပ်ကိုင်ခါရမ်းမှုကြောင့်လည်းကောင်း၊ အနုမြူစွမ်းအား၏ကြောက်မက်ဖွယ်ရာ ကိုယ်လက်အင်္ဂါချို့တဲ့ရခြင်းများကြောင့်လည်းကောင်း၊ အခွံသက်သက်သာ ကျန်ရစ်အောင် စုတ်ယူခြင်းခံရသည့် ဥရောပမှာ စစ်အေးတိုက်ပွဲနှင့် အဓိပ္ပါယ်နှစ်ခွဆောင်သည့် သရေပွဲကိုသာကြုံရပြီး ပြည့်ဝသော ငြိမ်းချမ်းမှုကို မရရှိခဲ့ပေ။

အမြင့်မားဆုံးသော ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးများ၊ ယုံမှားဖွယ်ဖြစ်လာကြပြီး သတ်မှတ်ထားသည့် စံနှုန်းအားလုံးမှာလည်း သံသယဖြစ်ဖွယ်ရာ တွေ့ကြုံလာရသည့်အချိန်တွင် လမ်းညွှန်မှုများ ရှာဖွေလာကြသောအခါ ဖြစ်တည်မှုပဓာနဝါဒ၏ ပြင်းပြင်းရှရှခံစားရသည့် စွမ်းအင်များက စစ်ပြီးကာလ လူ့မျိုးဆက်အား နှစ်သိမ့်မှုကို ပေးလိုက်လေသည်။

ဆတ်က ထိုဝေါဟာရပညတ်ကို တီထွင်ခဲ့ခြင်း မဟုတ်ပါ။ ဥရောပအတွေးအခေါ်ပညာရှင်များ၊ အထူးသဖြင့် ထိုးဖောက် မမြင်နိုင်လောက်အောင် ရှုပ်ထွေးလှသော ဂျာမန်ဒဿနဆရာ မာတင်ဟိုက်ဒက်ဂါ၏ ငြီးငွေ့ စိတ်ပျက်ဖွယ် ကောင်းလှသည့် ဆင်ခြင်တုံတရားဆိုင်ရာများကို ပိုမိုကောင်းမွန် လေးနက်လာစေရန် ကြိုးပမ်းခဲ့ခြင်းမျှသာဖြစ်သည်။ သို့ရာတွင် ဆတ်၏ စကားပြေမှာ စိတ္တဇဆန်သည့် အတွေးအခေါ်များ ဖြစ်ကြသည်။ ဆုံးဖြတ်ဝေဖန်မှု ရနိုင်ရန် ထပ်ဆင့်ဖော်ပြလိုက်ရပေသည်။

"လူသည် လွတ်လပ်သည်"။

"လူကြောက်သည် သူကိုယ်တိုင်ပင် ကြောက်ရွံ့မှုကို ပြုလုပ်ခဲ့သည်"။

"သူရဲကောင်းသည် သူကိုယ်တိုင်ပင် ရဲစွမ်းသတ္တိရှိမှုကို ပြုလုပ်ခဲ့သည်"။

"ဘုရားသခင် မရှိသောကြောင့် လူသည် သူဘာဖြစ်သည်ဆိုသည့်အချက်ကိုလည်းကောင်း၊ သူ၏အနှစ်သာရကိုလည်းကောင်း၊ သူ့ကိုယ်ပိုင် အပြုအမူဖြင့် သတ်မှတ်ဖော်ပြလေသည်ဟု ဆတ်က ဆိုသည်။ အသီးအသီးသော လူပုဂ္ဂိုလ်တိုင်းသည်

mgyoe.com

mgyoe.com
SAMPLE BOOK


အခြားလူတစ်ယောက်အပေါ် ပြုမူဖို့လမ်းကြောင်းတစ်ခုကို ရွေးချယ်ရန် တာဝန်ရှိလေသည်။ ထိုသို့ပြုမူခြင်းမှာ တန်ဖိုးရှိသောရွေးချယ်မှုဖြစ်သည်။ အခြေခံအပြုအမူမပါဘဲ တန်ဖိုးရှိသောအရာ ဟူ၍ ဘာမျှ မရှိ။ အခြားအရေးမပါသော စကြဝဠာတစ်ခုမှ ကျင့်ဝတ်ဆိုင်ရာ တိုင်းတာမှုတစ်ခုကို ငှားရမ်းယူပြီး အလိုမပြည့်ဝနိုင်သော အိပ်မက်များ၊ လွဲချော်မှားယွင်းသည့် မျှော်လင့်ချက်များ၊ အဟောသိကံဖြစ်စေမည့် မျှော်လင့်တမ်းတမှုများဖြင့် ပုဂ္ဂိုလ်တစုံတယောက်သည် သူ့ကိုယ်သူ သတ်မှတ်၍ ရနိုင်မည် မဟုတ်"ဟု ဆတ်က ကြေညာခဲ့သည်။

အများဆုံးသော ပြည်သူတို့မှာ သူတို့၏တာဝန်ကို ရှောင်လွှဲရန် ရည်ရွယ်ချက်ဖြင့် အခြားတစုံတရာ၊ သို့မဟုတ်၊ အခြားတစုံတယောက်အပေါ်သို့ သူတို့၏ကံကြမ္မာကို ပုံအပ်ကြလေသည်။ ဤအရာကို "မကောင်းဆိုးဝါးယုံကြည်မှု"အဖြစ် ဆတ်က သတ်မှတ်သည်။ ထိုသဘောတရားကို သူ၏ အကျော်ကြားဆုံးပြဇာတ် "ဖြစ်တည်မှုမဲ့" (၁၉၄၄)၌ ဇာတ်ကောင်များက ရေရေလည်လည် ဆဲဆိုခဲ့သည်။

"ငရဲဆိုတာ အခြားလူတွေပဲဟေ့"

ဆတ်သည် ပြဇာတ်ကိုးပုဒ်၊ ဝတ္ထုလေးပုဒ်၊ အရေးပါသည့် ဒဿနကျမ်းငါးခု၊ မရေတွက်နိုင်သော ဟောပြောပို့ချချက်များနှင့် ၁၉၄၅-ခုနှစ်တွင် စတင်တည်ထောင်ပြီး၊ သူ၏အကူအညီကိုယူခဲ့သော မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် "လက်ပတင့်မော်ဒန်နက်စ်"တွင် ရေးသားသောအက်ဆေးများဖြင့် သူ့အတွေးအခေါ်တို့ကို ဖွင့်ဆိုရှင်းပြခဲ့သည်။ ထိုမဂ္ဂဇင်းတွင် ပါဝင်ရေးသားသူများအနက် အရှေ့ပိုင်းနိုင်ငံများထိ ဩဇာသက်ရောက်မှုရှိခဲ့သော စာရေးဆရာတစ်ဦးမှာ အဲလဘတ်ကမူးဖြစ်သည်။ ထို့နောက် ဆတ်နှင့်ကမူးတို့သည် စတာလင်ဝါဒ၏ အယူအဆများအပေါ် ပြင်းပြင်းထန်ထန် သဘောထားကွဲလွဲသွားကြသည်။

ကမူးမှာ စတာလင်ဝါဒကို ပြန်လည် တမ်းတသူဖြစ်သည်။ ဆတ်သည် သဘောတရား ရှင်းလင်းချက်များကို ဦးဆောင်ခဲ့သည်။ ငြင်းဆိုချက်များကို ချေပခဲ့သည်။ လက်ဝဲဝါဒ၏ မြင့်မားတိုးတက်လာသော နိုင်ငံရေးသဘောတရား အကွယ်အကာအားလုံးလောက်ကို အားပေးသည်။ အခြားတနည်းဖြင့်ဆိုရလျှင် လူငယ်များ၊ ခါးသီးပြင်းထန်လှသူများ၊ စိတ်ချဉ်ပေါက်နေသူများမှာ သူ၏အထင်ရှားဆုံးသော တပည့်နောက်လိုက်များဖြစ်၍၊ ထိုသူတို့သည် အသေးအမွှားလောက်ကိုသာ ပြုလုပ်ခဲ့ကြသူများဖြစ်သည်။ သို့မဟုတ် ဘာကိုမျှ မပြုလုပ်ခဲ့ကြသူများဖြစ်သည်။ ဆတ်အပေါ်

mgyoe.com

mgyoe.com


အနည်းငယ်မျှသာ သူတို့ သဘောပေါက်ခဲ့ကြသည်။ စံနှုန်းများနှင့် အမျိုးကောင်းမြတ်မှုများအဖြစ် အခြားဝန်ထုတ်ဝန်ပိုးများ ပိစေလျက် ကန့်သတ်ထားသော ကျင့်ဝတ်ဆိုင်ရာ ဥပဒေများ၊ ဘာသာရေးဆိုင်ရာ ဗျာဒိတ်တော်များထဲမှ လူ၏လွတ်လပ်မှု၊ အော့နှလုံးနာဖွယ် အစစ်အမှန်တရား၊ ယုတ္တိမဲ့ဘဝတို့နှင့်ပတ်သက်ပြီး သူကြေညာချက်ထုတ်မပြီးသေးဘူးလား။ ဆံပင်ရှည်ရှည်နှင့် ဘီတယ်လ်များမှာ ဆတ်၏ဩဝါဒခံယူသူများ ဖြစ်လာကြသည်။

ခေါင်းမာလှသော ဤဂုရုမှာ အရာရာတိုင်းအပေါ် ထင်မြင်ယူဆချက်တစ်ခုရှိခဲ့သည်။ စူးစူးရှရှ တွေးတောဆင်ခြင်တတ်သည်။ လှံ့လဝီရိယစိုက်ထုတ်ပြီး ကြိုးကြောင်း ဆက်စပ်မှုပြုတတ်သည်။ မကြာခဏပင် ပြောင်းလဲတတ်သည်။ သူ့အား ရောင်းဝယ်ဖောက်ကားသည့်လောကကြားတွင် မွေးဖွားပေးခဲ့သော်လည်း သူ့ဘဝ၏ အချိန်အများဆုံးအတွက် ရောင်းဝယ် ဖောက်ကားမှုလောက၏ ရှောင်လွှဲမရနိုင်သည့် ကိုယ်ကျင့်တရားပျက်ပြားမှုများကို အမှန်သို့ရောက်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ သူ့ဖခင်သည် သဘော်အရာရှိ တစ်ဦးဖြစ်သည်။ ဂျင်းပေါ် နှစ်နှစ်သားအရွယ်တွင် နာမကျန်းဖြစ်ပြီးသေဆုံးသွား ခဲ့သည်။ ကလေးကို ဘာသာစကားဆိုင်ရာ ပါမောက္ခကြီးတစ်ဦးဖြစ်သည့် သူ့အဘိုးထံ ခေါ်ခဲ့ကြသည်။ သူ့ အဘိုးက သူ့ကို သိပ်ချစ်သည်။ စေ့စပ်သေချာတတ်သော ရိုမန်ကက်သလစ်ဘာသာဝင် သူ၏မိခင်ကိုတော့ သူသည် ချစ်ပင်ချစ်သော်လည်း ရိုသေကိုင်းရှိုင်းမှု မရှိခဲ့ပေ။ အကြောင်းမှာ သူ၏ လွတ်လပ်စွာတွေးခေါ်ခြင်းကို သူမှတစ်ပါး အခြားအဘိုး၏အိမ်သားများမည်သူမျှ ပြုလုပ်ခွင့်မရှိသောကြောင့် ဖြစ်သည်။ (ကျွန်တော့်အမေနှင့် ကျွန်တော်တို့သည် အသက်အရွယ်ချင်းအတူတူပင်ဖြစ်သည်) သည်အီကော်နော်မေးဆူပရီးယားတွင် ဗီလိုဆိုဗီကို လေ့လာနေချိန်၌ ဆီမွန်ဒီ ဗော်ဗွါင်းယားကို သူတွေ့ခဲ့ခြင်း ဖြစ်သည်။ သူမသည် သူ့ဘဝတစ်လျှောက်လုံး၏ ရာသက်ပန်ချစ်သူ၊ သူ့ဘဝအား စိုးမိုးနိုင်သော သခင်မ၊ အသိဉာဏ်ကြွယ်ဝလှသည့် အတ္တပိုင်ရှင်မ တစ်ဦးဖြစ်သည်။ စစ်ကြီးက သူ့အား လီဟာ့ဗ်၌ အရေးမပါလှသည့် ကျောင်းဆရာတစ်ဦးအဖြစ် ဖန်တီးလိုက်သည်။ ၁၉၄၀ တွင် စစ်တပ် ရှေ့တန်းစစ်မျက်နှာ၌ စာရေးတစ်ယောက်အဖြစ် အမှုထမ်းနေချိန်တွင် ဂျာမန်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ခြောက်လကြာသော အခါ အားနည်းလွန်းသော သူ့မျက်စေ့ကို အကြောင်းပြုပြီး သူသည် စစ်တပ်အမှုထမ်းတစ်ယောက်မဟုတ်၊ အရပ်သား အမှုထမ်းတစ်ဦးမျှသာဖြစ်ကြောင်း ယုံကြည်လောက်အောင် ပြောဆိုလျက် ထွက်ပြေးလွတ်မြောက်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပါရီသို့ သူပြန်ရောက်သောအခါ နာဇီဆန့် ကျင်ရေးလုပ်ငန်းများကို အပြင်းအထန် ပြုလုပ်ခဲ့သည်၊ မြေအောက်ပုံနှိပ် လုပ်ငန်းအတွက် စာများရေးသားပြီး၊ အကျဉ်းထောင်နှုတ်ခမ်းတွင် စွန့်စွန့်စားစား လျှောက်ခဲ့သည်။ "ယင်ကောင်များ" (၁၉၄၃)ပြဇာတ်ကိုလည်း သူရေးခဲ့သည်။ ၎င်းမှာ အက်ချီလပ်၏ပြဇာတ်ကို ပြန်လည်ဖွင့်ဆိုရေးသားခြင်းဖြစ်သည်။ ထိုပြဇာတ်တွင် ဩရက်စတက်သည် သူ့ဖခင်သေဆုံးရခြင်းအတွက် လက်စားချေခဲ့သည်။ သူ့ဖခင်အား သတ်သူများမှာ သူ့မိခင်နှင့်သူ့ချစ်သူတို့ ဖြစ်ကြသည်။ ဆတ်၏ပြဇာတ်သည် လေးနက်သည့် ဒဿနကျမ်းငယ်တစ်စောင်ဖြစ်သည်။ လူတိုင်းသည် မိမိ ပြုလုပ်မှုအတွက် လွတ်လွတ်ကင်းကင်းတာဝန်ယူမည်ဆိုလျှင် ထိုသူသည်(မာတုဃာတကကံကိုပင်ဖြစ်စေ) ရာဇဝတ်မှုတစ်ခုတရာကို ကျူးလွန်ရန် အခွင့်အရေးရှိသည်ဟု အဆိုတစ်ရပ်ပြုခဲ့သည်။ ပြင်သစ်စာဖတ်ပရိသတ်က တော်လှန်ရေးလုပ်ငန်းတိုင်းသည် လွတ်လပ်မှုတိုက်ပွဲအတွက် တရားသည်သာ ဖြစ်သည်ဟု သဘောပေါက်ခဲ့ကြသည်။ ဂျာမန်များ ထိုသတင်းကြားသိသွားပြီး ပြဇာတ်ကို မီးရှို့ပစ်လိုက်ကြသည်။

၁၉၆၀-ပြည့်နှစ်တွင် အယ်လဂျီးရီးယန်း သူပုန်ထမှုကိုဖြစ်စေရန် အားပေးအားမြှောက်ပြု၍လည်းကောင်း၊ အယ်လဂျီးရီးယား ပြည်၌ ပြင်သစ်များ၏ ညှဉ်းပန်းနှိပ်စက်မှုကို ပြစ်တင်ဝေဖန်၍လည်းကောင်း၊ ပြင်သစ်ပြည်အတွင်း၌ အဖမ်းအဆီးများကြားတွင် စွန့်စားလုပ်ကိုင်ခဲ့လေသည်။

၁၉၆၄-ခုတွင် သူသည် နိုဗယ်ဆုကို ငြင်းပယ်ခဲ့သည်။ အရှေ့နှင့်အနောက်ကြားတွင် ယဉ်ကျေးမှုဆိုင်ရာ ပဋိပက္ခဖြစ်မှုများကို အလိုမရှိသောကြောင့်ဟု သူကဆိုသည်။ "ခင်ဗျားဟာ မုသားပြောလိမ့်မယ် မဟုတ်ပေဘူး"ဟု အစချီပြီး ခင်ဗျားပြောလာခဲ့လျှင် နိုင်ငံရေးဆောင်ရွက်ချက်ရဲ့ အကျိုးရလဒ်များဟာ သက်ဆိုးမရှည်ပါဘူး" ဟု အင်တာဗျူးတစ်ခုတွင် သူပြောခဲ့သည်။ တခါတရံတွင် သူသည် တော်လှန်ရေးအပေါ်လုံးလုံးလျားလျား စိတ်ကုန်ခန်းနေပုံရသည်။ (နေရာတကာတိုင်းတွင် ဘေးအန္တရာယ်များဝိုင်းရံလျက်ရှိသည်) နောက်ဆုံးတွင် သူသည် မော်စီတုန်းဝါဒသမားများထံမှ စိတ်ပြေပျောက်မှုကို ရခဲ့လေသည်။ သူတို့သည် သူတို့၏ခေါင်းဆောင်ကို လူထုကြားမှတိုက်ရိုက်ရွေးချယ်ရန် အတိအလင်း ကြေငြာထားသောကြောင့် သူသည် ထိုလူများအားအစင်ကြယ်ဆုံး တော်လှန်ရေးသမားများအဖြစ် သတ်မှတ်ထားမိသည်။

mgyoe.com

mgyoe.com


ဆတ်သည် ကျန်းမာရေးကောင်းမွန်လှသည်ဟု ဘယ်အခါမျှ မရှိခဲ့။ သုံးနှစ်သားအရွယ်ကပင် ညာဖက်မျက်လုံးကွယ်ခဲ့သည်။ ကောင်းမွန်သည့် ကျန်တစ်ဖက်မျက်လုံးမှာလည်း ၁၉၇၃-ခုနှစ်တွင် နှလုံးရောဂါရပြီးချိန်မှစပြီး ကောင်းကောင်းမမြင်ရတော့ပေ။ ထို့ကြောင့်ပင် တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် ကြိုးပမ်းအားထုတ်လာခဲ့ရသော ဂုစတပ်ဖလော်ဘဲ၏အတ္ထုပ္ပတ္တိ စာအုပ်ထူကြီး နောက်ဆုံးအခန်းကို လက်လျှော့လိုက်ရသည်။ သူ့အပေါ် သစ္စာရှိလှသော ဇော်ဗ္ဗိုင်းယား၏ ပြုစုယုယမှုဖြင့် သူသည် ပါရီ၏ဆိတ်ငြိမ်အေးချမ်းသည့် သီးသန့်နေရာများ၌လည်းကောင်း၊ အီတလီ၏ဆောင်းရက်များ၌လည်းကောင်း၊ သူ၏နောက်ဆုံးနှစ်များကို နေထိုင်ခဲ့လေသည်။ သူမသေမီ နောက်ဆုံးရက်ပတ်တွင် ပြင်းထန်သည့် နှလုံးရောဂါဖြစ်ပြီး အဆုတ်ကြပ်သည့် ဝေဒနာကို ခံစားနေရသည်။ ဆေးရုံတွင် ရက်အနည်းငယ်တက်ရောက်ကုသပြီးနောက် ထိုရက်ပတ်အတွင်းမှာပင် ကွယ်လွန်ခဲ့လေသည်။

ဆတ်သည် သူ့မျိုးဆက်အပေါ် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ကို ပိုင်ဆိုင်ခဲ့သည်။ သူသည် သူ့ခြေထောက်နှစ်ဖက် ရပ်တည်နိုင်မည့်နေရာတစ်ခုကို ရှာဖွေနေရသည့် ဘဝတစ်လျှောက်လုံးတွင် သူ့ကိုယ်ပိုင်ခြေထောက်များအတွက် နေရာတစ်ခုကို ဘယ်တော့မျှ ရှာတွေ့လိမ့်မည် မဟုတ်ပေ။ သူ အများဆုံးသော ပြည်သူတွေ ဉာဏ်မမီနိုင်မည့်အဆင့်ထက် ပိုမိုကျော်လွန်ပြီး သိမြင်မှတ်သားနိုင်ခဲ့သည်။ သူသည် အာဝဇ္ဇန်းရွှင်ခြင်းနှင့် အရှိန်အဟုန်ပြင်းထန်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထိုပြုလုပ်ချက်မှာ (သူ့ကိုယ်တိုင် အတွက်ရော၊ အခြားလူများ၏ ကိုယ်စားပါ) အလေးဂရုပြုလာစေရမည့် ဆတ်၏ အထိမ်းအမှတ်ပင် ဖြစ်လေသည်။

---

**RF**


Inadvertent Guru To An Age Jean Paul Sartre,
(1905-1980), April 28, 1980, TIME

*

မြားနတ်မောင်၊ အမှတ်-၆၀၊ (မေ ၁၉၉၇)

mgyoe.com

mgyoe.com SAMPLE BOOK



ဝေးကျန်ရစ်ခဲ့

**အနုပညာအကြောင်း . . .**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ရုပ်သေးအနုပညာအကြောင်း ပြောတဲ့ ကဗျာဆရာ

ဒီဇင်ဘာ (၅)ရက်နေ့က စာပေအနုပညာ ဖြူးမိတ်ဆွေများ ဆုပေးပွဲမှာ ခက်မာနဲ့တွေ့တော့ ပိတောက်ပွင့်သစ်မဂ္ဂဇင်း အနုပညာ ရောင်စဉ်ကဏ္ဍအတွက် တစ်ခုခုရေးပေးပါလို့ ပြောပါတယ်။ ဒါပေမယ့် ဦးပိုင်က ဝတ္ထုရေးသူ၊ ကဗျာရေးသူဆိုတော့ ဝတ္ထု၊ ကဗျာအကြောင်း မပြောနဲ့ဗျာ။ အခြားအနုပညာ တစ်ခုခုအကြောင်းပဲပြောတဲ့။ ပိတောက်ပွင့်သစ်က အယ်ဒီတာအဖွဲ့နဲ့ တွေ့တော့လည်း သည်အတိုင်းပဲ ပြောကြပြန်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်က ဝတ္ထု၊ ကဗျာရေးသူဆိုတော့ အဲဒီအကြောင်း မပြောစေဘဲ အခြား အနုပညာတစ်ခုခုအကြောင်း ပြောစေချင်တာကောင်းပါတယ်။ ဆန်းသစ်မှုပေါ့လေ။ တကယ်တန်းဝတ္ထု၊ ကဗျာအကြောင်းပဲ ပြောပါဆိုရင်တောင်မှ ခြေခြေမြစ်မြစ် ကျွန်တော်ပြောမှ ပြောတတ်ပါ့မလား မသိပါ။

အခြားအနုပညာတစ်ခုခုဆိုတာကိုတောင်မှ ကျွန်တော့်စိတ်မှာတော့ ဘောင်ကျဉ်းသေးတယ်လို့ ထင်ပါတယ်။ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဇာတ်သဘင်စတဲ့ အနုပညာရပ်ကြီးတွေနဲ့အတူ အခြားအကိုင်း အခက်တွေပါ ထည့်တွက်လျှင်တောင်မှ အမျိုးအစား ဘယ်လောက်များလို့လဲ။ ဘယ်နှစ်ယောက်စာ ပြောစရာရှိလို့လဲ။

ကမ္ဘာလောကထဲက အကြောင်းအရာတွေ အားလုံးကိုပဲ ကျွန်တော်တို့တတွေ ပြောခွင့်ရှိတယ် မဟုတ်လား။ ရေ, မြေ, လေ, မီးနဲ့ ဖွဲ့စည်းထားတဲ့ ကမ္ဘာကြီးပေါ်က အရာရာတိုင်းဟာ ကျွန်တော်တို့ရဲ့ အာရုံတရားတွေပေါ်မှာ ထာဝရကျက်စားနေတာပဲ မဟုတ်လား။ တောတောင်ရေမြေနဲ့ ပင်လယ်သမုဒ္ဒရာတွေအကြောင်း၊ နေ, လ, နက္ခတ်တာရာတွေအကြောင်း၊ အုံ့ဆိုင်းတဲ့ တနင်္ဂနွေနေ့တစ်နေ့အကြောင်း၊ ဘောလုံး တစ်လုံးအကြောင်း၊ မြို့ကြီးတစ်မြို့ အကြောင်း၊ တောထဲက သစ်ပင်တွေအကြောင်း၊ ဒုက္ခတရားအကြောင်း၊ ပင်လယ်ထဲက ငါးတစ်ကောင်အကြောင်း စုံလို့ပေါ့လေ။ ကျွန်တော်တို့ ပြောတဲ့အကြောင်း အရာတိုင်းဟာ အနုပညာနဲ့ ထုံမွှမ်းနေဖို့ပဲလိုတယ် မဟုတ်လား။ ကြယ်တံခွန်တစ်ခုရဲ့ ခရီးလမ်းဟာ စိတ်ဝင်စားဖို့ကောင်းသလို၊ ကိုယ့် အိပ်ရာပေါ် ပက်လက်လှန်စဉ်းစားနေချိန်မှာ ကိုယ့်ကို ကျောပေးထားတဲ့ အိမ်မြောင် တစ်ကောင်ဟာလဲ စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။

ထားပါတော့လေ။ ကဗျာဝတ္ထုမှတစ်ပါး အခြားအနုပညာ တစ်ခုခုအကြောင်း ကိုပဲ ကျွန်တော် ပြောကြည့်သေးတာပေါ့။ ရေးဖော် ရေးဖက် ကျွန်တော့်မိတ်ဆွေတွေ ရွေးချယ်ဖို့ အလွန်နည်းလိမ့်မယ်လို့ ထင်တဲ့ ရုပ်သေးအနုပညာအကြောင်းကို ကျွန်တော် ရွေးချယ်လိုက်ပါတယ်။ ရုပ်သေးအနုပညာကို ပြတိုက်ထဲ ပို့သင့်မပို့သင့် လွန်ခဲ့တဲ့ နှစ်အတော်များများက အငြင်းပွားခဲ့ကြပါတယ်။ အခုချိန်မှာတော့ အဲဒီ အငြင်းပွားသံ မကြားတော့ပါဘူး။ အငြင်းပွားသံ မကြားရတော့တဲ့အပြင် အတန်အသင့် ပြန်လည်လှုပ်ရှားလာတာ တွေ့ရပါတယ်။

အထင်အရှား ပြောနိုင်တာကတော့ နိုင်ငံတော်အစိုးရကိုယ်တိုင်က ဒုတိယ အကြိမ် ဆိုကရေးတီးပြိုင်ပွဲမှာ ရုပ်သေးအနုပညာကို ထည့်သွင်းယှဉ်ပြိုင်စေခြင်းပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အခု ၁၉၉၅ ခု၊ ဒီဇင်ဘာ (၁၇) ရက်ညက မန္တလေးမြို့မှာ ကျွန်တော်တို့ တတွေ ရုပ်သေးပွဲတစ်ခုကို ကြည့်ဖြစ်ခဲ့ရပါတယ်။ ဒေါ်မမနိုင် စီစဉ်တင်ဆက်တဲ့ ရုပ်သေးပွဲပါ။ ဒေါ်မမနိုင်ဆိုတာ မြန်မာစာ ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်ရဲ့ သမီးပါ။ ရုပ်သေးနဲ့ပတ်သက်ပြီး စိတ်ဝင်တစား သုပြန်လည်လှုပ်ရှားနေတာ ကြာပါပြီ။ ဒေါ်မမနိုင် စီစဉ်တဲ့ ရုပ်သေးပွဲများမှာ ပညာရှင်အဖြစ် ဆရာကြီး ဦးပန်းအေးက ကူညီဆောင်ရွက်ပါတယ်။ သည်ပွဲအရင် အမေလူထုဒေါ်အမာရဲ့ မွေးနေ့ပွဲတစ်နှစ်မှာ ဆရာဝန်များအသင်း ဂုဏ်ပြုပွဲများမှာလည်း အစအဆုံး မဟုတ်တဲ့ တစ်ပိုင်းတစ်စ ကဏ္ဍများအဖြစ် ကြည့်ခဲ့ဖူးပါပြီ။ သည်ပွဲကတော့ အပြည့်အစုံ ခင်းကျင်းပြသတဲ့ ပွဲကြီးပါ။

ကျွန်တော်ပြောရမယ့် အကြောင်းအရာဟာ ရုပ်သေးအနုပညာဖြစ်ပြီး ဒေါ်မမနိုင်ရဲ့ ပုဂ္ဂိုလ်ရေးရာ ကိစ္စမဟုတ်တဲ့အတွက် သူမရဲ့ ရုပ်သေးနဲ့ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်မှု အခန်းကဏ္ဍကို ဆက်မပြောသာပါဘူး။ ဒါပေမယ့် သူ့အကြောင်းမဟုတ်ဘဲ သူတင်ဆက်တဲ့ အနုပညာနဲ့ပတ်သက်ပြီး အဲဒီညက ကြည့်ခဲ့ရတာလေးတွေကိုတော့ အတန်အသင့် ပြောခွင့်ရှိလိမ့်မယ်လို့ ထင်ပါတယ်။

ရုပ်သေးအနုပညာ တင်ဆက်မှုမှာ အစဉ်အလာအရ ပါမြဲဖြစ်တဲ့ စင်တိုင်ခြင်း၊ ခုနစ်သံချီတီးခြင်း၊ နတ်ကတော်ထွက်ခြင်း၊ အပျိုတော်ထွက်ခြင်းတို့ဟာ ပြုမြဲကိစ္စပါပဲ။ ကျွန်တော်တို့ ကြည့်တဲ့ညဟာတော့ နောက်ဆုံးညဖြစ်လေတော့ စင်တိုင်ခြင်း၊ အပျိုတော်ထွက်ခြင်းတို့နဲ့ပဲ စပါတယ်။ ပြီးမှ ဟိမဝန္တာခန်းထွက်ပါတယ်။ နောက် ဆက်လက်တင်ဆက်တဲ့ အခန်းတွေကတော့ ဆရာကြီးဦးပန်းအေးရဲ့ မီးပဒေသာ စတိတ် ရှိုး၊ မြိုင်ထနှစ်ပါးသွားတို့ ဖြစ်ပါတယ်။ နောက်ပိုင်း ဇာတ်ထုတ်ကြီးအနေနဲ့ ဘူရိဒတ်ဇာတ်တော်ကြီးကို တင်ဆက်ပါတယ်။

စင်တိုင်ခြင်းဆိုတာ ရုပ်သေးရုပ်များ လုံးဝမထွက်သေးခင် ဆိုင်းဝိုင်းက တီး မှုတ်ရခြင်းပါ။ စင်တိုင်ခြင်းရဲ့ အဓိပ္ပာယ်ကို မသိတဲ့ ပွဲကြည့်သူများအဖို့တော့ ဆိုင်းသမားတွေဟာ လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွနဲ့ ဆူညံအောင် တီးမှုတ်နေခြင်း သက်သက်လို့ပဲ ထင်စရာပါ။ တကယ်တော့ စင်တိုင်ခြင်းဟာ အဓိပ္ပာယ်အများကြီးရှိ တာပေါ့။

စင်တိုင်ခြင်းဆိုတာ ကမ္ဘာကြီးကို မီး၊ ရေ၊ လေ ဖျက်ဆီးလို့ ပျက်စီးတဲ့ နိမိတ်ကို ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ကမ္ဘာပြု မိုးကြီးရွာပြီး ပြန်လည်ကမ္ဘာတည်တဲ့

mgyoe.com

mgyoe.com


သဘောလေ။ ကျွန်းများ, သစ်ပင်များပေါ်လာပုံ၊ မြဟ္မာသိကြားများ ဆင်းသက်လာပုံကို အကြောင်းပြုပြီး စင်တိုင်ခြင်းဖြစ်တဲ့အတွက် ပွဲကြည့်ပရိသတ်ကို တရားသံဝေဂ ရစေလိုတဲ့ ဆန္ဒ၊ မမြဲသော သင်္ခါရသဘောတရားကို မြင်စေလိုတဲ့ ဆန္ဒ၊ အသိတရား ပွားစေ လိုတဲ့ဆန္ဒများကို ရှေးရှုပြီး တီးကြမှုတ်ကြခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ကမ္ဘာပျက်ခါနီး လောကဗျူဟာ နတ်သားကြွေးကြော်သည့်အလား စင်အတွင်းမှ ချပ် . . ချပ် . . . ချပ် . . . ၊ ဒူ . . . ဟူ . . . ဟူ . . . အသံပေးတဲ့ မောင်းနှင့် လင်ကွင်းကို တီးပြီး ဝင်တိုင်ရပါတယ်။ လင်ကွင်းကခေါ်၍ မောင်းကထူးသည့်သဘော၊ လေ, မီး, မိုးခေါ် ပတ်ကြမ်းသုံးကြိမ်တိုက်ခြင်း ဖြစ်ပါတယ်။

ဒီလို သုံးကြိမ်စင်တိုင်ရခြင်းဟာ အာဘဿရဘုံမှ အောက်တလျှောက် မီးလောင်၍ ပျက်စီးခြင်း၊ သုဘကိဏှာဘုံမှ အောက်တလျှောက် ရေဖြင့်ပျက်စီးခြင်း၊ ဝေဟပ္ဖိုလ်ဘုံမှ အောက်တလျှောက် လေဖြင့် ပျက်စီးခြင်းတို့ကို အမှတ်အသားပြုထား ခြင်းပါ။ မောင်းနှင့် လင်ကွင်းကို စင်အတွင်းမှ တီးပြီး အဆုံးသတ်လိုက်တဲ့အခါ ဗိန်းမောင်းပတ်ကြမ်းတိုက်ရပါတယ်။

ဗိန်းမောင်းကို သုံးကြိမ်တိုက်ရတာလည်း သူ့အဓိပ္ပာယ်နဲ့သူပါ။

(၁) ပထမအကြိမ် ဗိန်းမောင်းတိုက်ခြင်းမှာ သံဝဋ္ဋအသင်္ချေယျ ကပ်ပျက်ပြီလို့ ဆိုလိုတာ ဖြစ်တယ်။

(၂) ဒုတိယအကြိမ် ဗိန်းမောင်းတိုက်ခြင်းကတော့ သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ပျက်ပြီလို့ ဆိုလိုတာပါ။

(၃) တတိယအကြိမ် ဗိန်းမောင်းကတော့ ဝိဝဋ္ဋဋ္ဌာယီကပ် ပျက်ပြီးပြီး ကမ္ဘာပြုမိုးရွာပြီလို့ ဆိုလိုတာပါ။

စင်တိုင်ပြီးနောက်မှာတော့ အပျိုတော်ထွက်ပါတယ်၊ အတုလေးရယ်တဲ့ ရှင်ကာပြိုင်သီချင်းကို ဆိုပြီး အပျိုတော် (၁၂) ကြိုးကဟန်နဲ့ အညီ အားပါးတရ ကခြင်းပါ၊ ဟိမဝန္တာခန်းမှာတော့ တိရစ္ဆာန်မျိုးစုံ ထွက်ပါတယ်။ ဟိမဝန္တာခန်းမှာ ဇော်ကဟာ အထူးပညာပါတဲ့ ရုပ်သေးကြိုးဆွဲ ပညာတစ်ရပ်ပါ။ ဟိမဝန္တာခန်းဆိုတာ နားမလည်တဲ့ ပရိသတ်အဖို့တော့ တိရစ္ဆာန်မျိုးစုံထွက်နေတာပါပဲ။ တကယ်တော့ ဟိမဝန္တာခန်းဆိုတာ ကမ္ဘာတည်တာပါ။ နောက်ပိုင်း နှစ်ပါးသွား ဇာတ်ထုပ်ခင်းတဲ့အခါမှာ တိုင်းပြည်တည်ကြမယ် မဟုတ်လား။ အခု တိုင်းပြည်မတည်ခင် ကမ္ဘာတည်ရတာပေါ့။

mgyoe.com

ကမ္ဘာမရှိဘဲ ဘယ်တိုင်းပြည်တည်လို့ ရမှာလဲ။ ကျွန်တော်တို့ရဲ့ ရှေးဟောင်းရုပ်သေး အနုပညာဟာ အဲဒီလိုစနစ်ကျခဲ့တာပါ။

ကျွန်တော်တို့ ကလေးဘဝတုန်းကလည်း ကိုယ့်ရပ်ရွာမှာ ရုပ်သေးပွဲ ကြည့်ခဲ့ဖူးတာပေါ့။ မန္တလေးရောက်တော့လည်း ရွှေဘိုတင်မောင် ရုပ်သေးပွဲကို တစ်ခါနှစ်ခါ ကြည့်ဖူးပါတယ်။ ရုပ်သေးရဲ့ သမိုင်းမှတ်တမ်းကတော့ အတိအကျအခိုင်အမာ ပြောနိုင်တာဟာ ကုန်းဘောင်ခေတ်ကျမှ စခဲ့တယ်လို့ ပြောရမှာပါ။ သဘင်ဝန်ဦးသော်ရဲ့ ခေတ်ပေါ့။ ဒါပေမယ့် တိတိကျကျ ခိုင်ခိုင်မာမာ မဟုတ်လှဘဲ စာတိုပေစအရ ပြောရရင်တော့ "ရုပ်သေးအစ ကျုံးသုံးတန်နှင့် ပုဂံက"လို့လည်း ဆိုရိုးရှိတယ်။ အင်းဝခေတ် ရှင်မဟာရဋ္ဌသာရစတဲ့ စာဆိုတွေရဲ့ စာတွေမှာလဲ ရုပ်သေးအကြောင်းတွေ တွေ့ရတာပဲ။ ဒါကြောင့် ခိုင်ခိုင်မာမာ မပြောနိုင်ပေမယ့် ရုပ်သေးဟာ ကုန်းဘောင်ခေတ်မတိုင်မီကတည်းက ရှိနေပြီလို့ ပြောမယ်ဆို ပြောနိုင်ပါတယ်။

ရုပ်သေးမှာ အခြေခံအရုပ် (၂၈) ရုပ် ပါဝင်ရမယ်လို့ အမှတ်အသားရှိပါတယ်။ နိပ္ဖန္နရုပ် (၂၈)ပါးကို အစွဲပြုပြီး အရုပ် (၂၈) ရုပ် ထားခြင်းပါ၊ ရုပ်သေးဟာ မြန်မာတို့ရဲ့ ကိုယ်ပိုင်အနုပညာလည်း ဖြစ်တယ်။ အခြားနိုင်ငံက ရုပ်သေးများလို ကလေးတွေကို ဖြေဖျော်ဖို့ လောက် ရည်ရွယ်တာ မဟုတ်ပါဘူး။ ပျော်ရုံပါးရုံသက်သက် ကပွဲမျိုးလည်း မဟုတ်ပါဘူးတဲ့။ လူကြီးတွေအတွက် ဝတ္ထုဇာတ်လမ်းအစကနေပြီး အဆုံးထိ တစ်ညလုံး ကပြရတဲ့ပွဲပါ။ သာမန်ကာလျှံကာ ပြပွဲမဟုတ်ဘဲနဲ့ တကယ့်လူတွေကပြနေပုံကို အတုယူပြီး အရုပ်အစားထိုးရတဲ့ ကပြခြင်းမျိုးပါ။ မြန်မာ့ရှေးလူကြီး သူမများဟာ လူကိုယ်တိုင်ကတဲ့ ဇာတ်ပွဲများကို ဟိရီဩတ္တပ္ပတရားနဲ့ ဆန့်ကျင်တဲ့အတွက် အားမပေးကြပါဘူး။ ရုပ်သေးကိုသာ လိုလားနှစ်သက်ကြတယ်။ ဒီခေတ်နဲ့တော့ မတူဘူးပေါ့လေ။

ကျွန်တော်တို့ကြည့်တဲ့ ညမှာတော့ ပရိသတ်အတန်အသင့်နဲ့ ဖိတ်ကြားထားတဲ့ အထူးဧည့်သည်များ နိုင်ငံခြားသားတော်တော်များများကို တွေ့ရပါတယ်။ နိုင်ငံခြားသားတွေ အထူးစိတ်ဝင်စားတာကိုလည်း တွေ့ရပါတယ်။

ဒါပေမယ့် မြန်မာ့ရုပ်သေးသဘင် ပြန်လည်ရှင်သန်ဖို့ကိစ္စမှာ ပညာတတ် အသိုင်းအဝိုင်းက ယဉ်ကျေးမှုအရ ကြည့်ရှုအားပေးရုံ၊ နိုင်ငံခြားသားတွေက အထူးအဆန်းတစ်ခုအဖြစ် နှစ်သက်သဘောကျရုံနဲ့ မပြီးသေးပါဘူး။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်ပေါ့လေ။ မြန်မာ့ပရိသတ်များ ရာစုကြီးကပါ တောင်းတောင်းတတ

mgyoe.com

mgyoe.com


ကြည့်ရှု အားပေးလိုစိတ်ဖြစ်လာမှ ရှင်သန်အောင်မြင်တဲ့ အနုပညာတစ်ခု ဖြစ်လာမှာပါ။

ဒီနေရာမှာကြုံကြိုက်တုန်း ပြောလိုတာက. . .

အနုပညာရှင် အားလုံးကိုပေ့ါလေ။ နိုင်ငံခြားဈေးကွက်၊ နိုင်ငံခြားသားမျက်စိကျ လောက်ရုံ ရည်မှန်းချက်နဲ့ ဖန်တီးနေမယ်ဆိုရင် ထာဝစဉ်တည်မြဲတဲ့ အနုပညာမျိုး မဖြစ်နိုင်ဘူးဆိုတာပါပဲ။ နိုင်ငံခြားသားတွေ ဝယ်ချင်အောင် ရေးထားတဲ့ ပန်းချီကားမျိုး၊ ဂျပန်နိုင်ငံက ဘာသာပြန်လိုပြန်ငြားရေးထားတဲ့ ဝတ္ထုမျိုး၊ စာပေဆုရလိုရငြား ရေးထားတဲ့ ကဗျာမျိုးတွေဟာ အနုပညာပစ္စည်း မဟုတ်ပါဘူး။

ရုပ်သေးနဲ့ပတ်သက်ပြီး ပြန်ပြောရရင်တော့ ဆိုခဲ့တဲ့အတိုင်း မြန်မာပြည် တဝှမ်းလုံး တောကျေးလက်ပါမကျန် အားပေးမှုရှိလာရင် အကောင်းဆုံးပေ့ါ၊ ဒါပေမယ့် လိုလားတောင့်တမှုဆိုတာ ခေတ်ကာလကို ဆန့်ကျင်ပြီး မျှော်လင့်လို့မရနိုင်ပါဘူး။ ထိန်းသိမ်းမှုအဆင့်ထက် ကျော်လွန်ပြီး ကျယ်ပြန့်မှုအဆင့်ထိရောက်ဖို့လိုအပ်သလား၊ မလိုအပ်ဘူးလားဆိုတာ ပြည်သူတွေကပဲ ဆုံးဖြတ်မှာပါ။ ကျယ်ပြန့်ဖို့ မလိုအပ်တော့ဘူး၊ ထိန်းသိမ်းခြင်းဟာ အမြင့်ဆုံးအဆင့်ပဲဆိုရင်တော့ ယခု ဒေါ်မမနိုင်ဟာ အမြင့်ဆုံး အဆင့်ကို ရောက်နေတာပါပဲ။

ထိန်းသိမ်းမှုသာမက ကျယ်ပြန့်ဖို့ အဆင့်ထိရောက်ဖို့ လိုအပ်သေးတယ်ဆိုရင်တော့ ကြားကာလတလျှောက်မှာ ဒေါ်မမနိုင်တောင့်ထားနိုင်ပါစေလို့ပဲ ကျွန်တော် ဆုတောင်းပါတယ်။

*

ပိတောက်ပွင့်သစ် စာပေအနုပညာမဂ္ဂဇင်း၊ အမှတ်-၁၂၊ (၁၉၉၆)

mgyoe.com

mgyoe.com SAMPLE BOOK

## တို့မန္တလေးပန်တျာနဲ့ ပန်းချီ ပန်းပုကျောင်းကြီး ရွှေရတုပွဲ ကျင်းပပြီးခဲ့ပါရောလား . . .

ငါတို့ မန္တလေးပန်တျာကျောင်းမှာ ကျောင်းဆင်းကပွဲကျင်းပပြီးစီးသွားခဲ့ပြီ အေးကြည်စမ်း။ ပန်းချီပြပွဲလည်းပြသခဲ့တယ်။ တို့ပန်တျာကျောင်း ကျောင်းဆင်းကပွဲဆိုတာကတော့ နှစ်စဉ်နှစ်တိုင်း မတ်လအတွင်းမှာ ကျင်းပမြဲဖြစ်တယ်ဆိုတာ အေးကြည်စမ်းအသိပဲ။ သည်နှစ်မှာတော့ ကျောင်းဆင်းကပွဲနဲ့အတူ ပန်တျာနှင့် ပန်းချီ၊ ပန်းပုကျောင်းရဲ့ နှစ်ငါးဆယ်မြောက် ရွှေရတုပွဲပါ ပူးတွဲကျင်းပကြတယ်။ ဒါကြောင့် နင်တို့ပညာသင်ယူခဲ့တဲ့ ပန်တျာကျောင်းကြီးဖွင့်လှစ်ခဲ့တာ အနှစ်ငါးဆယ် ကျော်ကြာခဲ့ပါပေါ့လားဆိုတာ နင်မေ့နေမှာစိုးလို့ သတိပေးတဲ့အနေနဲ့ ငါ သည်စာကို ရေးမိတာ။

ကျောင်းဆင်းပွဲဆိုတာကတော့ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲပါပဲ။ ဒါကြောင့်မို့ ကျောင်းဆင်းပွဲ အကြောင်းမပြောမီ ရွှေရတုသဘင်ပွဲ ဆင်နွှဲပုံအကြောင်း အရင်ပြောမယ်နော်။ တကယ်တော့ ရွှေရတုပွဲဆိုတာအနှစ်ငါးဆယ် ပြည့်တဲ့နှစ်မှာ ကျင်းပရတာ အေးကြည်စမ်းအသိပဲ။ လူတိုင်းသိတဲ့ ကိစ္စကို ထည့်ပြောရတာကတော့ တို့ရွှေရတုပွဲက ငါးဆယ့်တစ်နှစ်ထဲရောက်မှကျင်းပရတာဟ။ ၂၀၀၃-ခုနှစ်က အနှစ်ငါးဆယ်ပြည့်တဲ့နှစ်ပဲ။ ဒါပေမယ့် ရွှေရတုပွဲဖြစ်မြောက်ဖို့ လုံးပမ်းရင်း လုံးပမ်းရင်းနဲ့ ၂၀၀၃-ခုနှစ်ကြီးထဲက ကျော်လွန်သွားတယ်။ ဒါကြောင့် အခု ၂၀၀၄-ခုနှစ်ကျမှ ကျောင်းဆင်းကပွဲ၊ ပန်းချီ၊ ပန်းပုပြပွဲတွေနဲ့ ပူးတွဲပြီး ရွှေရတုပွဲကျင်းပရတာ။

mgyoe.com

mgyoe.com


တို့ကျောင်းအုပ်ကြီးနဲ့တကွ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ကျောင်းသူ၊ ကျောင်းသားဟောင်းတွေကတော့ သူတို့ ပညာသင်ယူခဲ့တဲ့ကျောင်းကြီး အနှစ်ငါးဆယ်ပြည့်တဲ့ရွှေရတုပွဲကို ကြီးကြီးကျယ်ကျယ် တခမ်းတနားကျင်းပချင်ကြတာပေါ့။ နီးစပ်တဲ့ကျောင်းသူ၊ ကျောင်းသားတွေ တက်ကြ၊ ရန်ပုံငွေတွေထည့်ကြနဲ့ သိပ်တက်ကြွကြတယ်။ ဆရာလေးဦးသန်းအောင်ဆို နည်းပြဆရာအဖြစ် တာဝန်မထမ်းဆောင်တော့ပေမယ့် အစစအရာရာ တက်တက်ကြွကြွကူညီရှာတယ်။ နင်တို့ဆရာမဒေါ်ခင်စိန်တော့ ကျန်းမာရေး မကောင်းဘူးလို့ ပြောတယ်။ မလာနိုင်ဘူး။ နင့်လိုပဲ မလာရောက်နိုင်တဲ့ ကျောင်းသူ ကျောင်းသားဟောင်းတွေလည်း အများကြီးပဲပေါ့လေ။

အတိုချုပ်ပြီးပြောရရင်တော့ (၂၂)ရက်၊ နေ့ခင်းမှာ နှစ်ငါးဆယ်ရွှေရတုအထိမ်းအမှတ်ပွဲကို အမျိုးသားဇာတ်ရုံကြီးမှာ ကျင်းပကြတယ်။ ညပိုင်းမှာတော့(၂၀၀၃။၂၀၀၄) ပညာသင်နှစ်ကျောင်းဆင်း ကျောင်းသူ၊ ကျောင်းသားများရဲ့ ကျောင်းဆင်းကပွဲပေါ့။ နေ့ခင်းရွှေရတုအထိမ်းအမှတ်ပွဲ မစမီ နံနက်ပိုင်းမှာ ဆိုင်းနည်းပြ ဆရာကြီး ဦးစိန်မောင်လွင်(ကွယ်လွန်)ရဲ့ သမီး ဆိုင်းဆရာမကြီး ဒေါ်ခင်မြလွင်က ကမကထပြုလုပ်ပြီး သံဃာတော်အပါး (၅၀)ကို ဆွမ်းကပ်တယ်။ ပင်စင်ယူပြီးဖြစ်တဲ့ ဆရာ၊ ဆရာမများနဲ့တကွ ဝန်ထမ်းဟောင်းကြီးများကိုလည်း ပူဇော်ကန်တော့ခြင်း၊ လက်ဆောင်ပဏ္ဏာပေးခြင်း ပြုလုပ်ပါတယ်။ အသက် (၉၀)ကျော် ပြီဖြစ်သော်လည်း ပူဇော်ကန်တော့ခံရမှာ ပါဝင်နိုင်သေးတဲ့ ဆရာကြီး ဦးရွှေဒေါင်းညိုကတော့ ဆရာမကြီးဒေါ်ဩဘာသောင်းကို သတိရနေမှာပေါ့။

ရွှေရတု အထိမ်းအမှတ်ပွဲမှာ မဗေဒါတို့၊ ပန်တျာငွေးငွေးမြင့်တို့၊ မခင်ဝင်းနွယ်တို့ စတဲ့ ပြင်ပသဘင်လောကမှာ ထင်ရှားခဲ့တဲ့ နာမည်ကျော်မင်းသမီးများနဲ့ အတူ ပန်တျာကျောင်းမှာ လက်ရှိတာဝန်ထမ်းဆောင်ဆဲဖြစ်တဲ့ ဆရာမကြီး ဒေါ်မြသန်းတို့က တပင်တိုင်အက၊ အငြိမ့်ခန်းတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေကြတယ်။ နာမည်ကြီး လူရွှင်တော်ကြီးတွေဖြစ်ကြတဲ့ ဦးရန်အောင်၊ ဦးပေါ်စံ၊ ဦးဒီပါ၊ ဦးထင်ပေါ်၊ ဦးချစ်စရာတို့ကလည်း ပါဝင်ကူညီအားဖြည့်ကြပါတယ်။ နှစ်ပါးသွားခန်းမှာတော့ မြို့တော်တင်ဝမ်းက မင်းသမီးကြီးများနဲ့ တွဲဖက်ပြီး ကပြဖျော်ဖြေပါတယ်။

ရွှေရတုပွဲကို ရောက်လာကြတဲ့ ကျောင်းသူ၊ ကျောင်းသားဟောင်းတွေကတော့ အားမလို အားမရဖြစ်ကြရပါသတဲ့။ သူတို့ အားမလို အားမရ ဖြစ်ကြရတာဟာ

mgyoe.com

သူတို့ခေတ်တွေ၊ သူတို့နှစ်တွေတုန်းကလို အခုလက်ရှိကလေးတွေ ပညာမတော်လို့လား။ နှစ်ငါးဆယ်ရွှေရတုပွဲကြီးမှာ ထင်သလောက် ပါဝင်မဆင်နွှဲနိုင်လို့လား။ ရွှေရတုပွဲကြီးရဲ့ အစီအစဉ်တွေကို အားမရကြတာလားဆိုတာကိုတော့ ခွဲခြားမသိပါဘူးလို့ ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က ရှင်းပြပါတယ်။

ညပိုင်းမှာ တို့ကျောင်းက ကျောင်းသူ၊ ကျောင်းသားလေးတွေရဲ့ ကျောင်းဆင်းကပွဲကတော့ ထုံးစံအတိုင်း ပါနေကျအစီအစဉ်တွေနဲ့ အသစ်အဆန်းကလေးတွေ ရောပေါ့လေ။ မြန်မာ့ရိုးရာ ဇာတ်သဘင်အစဉ်အလာလည်း မပျက်ရအောင် အပျိုတော်အက၊ အမျိုးသား, အမျိုးသမီးယိမ်းအကတွေနဲ့ ဆိုင်း, စန္ဒရား, ပတ္တလား စတဲ့ အတီးသင်တန်းတွေကလည်း သူတို့သင်တန်းအလိုက် လက်စွမ်း ခြေစွမ်းပြကြတာပေါ့။

သူတို့အဖို့တော့ ပရိသတ်ကိုဖျော်ဖြေရုံသက်သက်မျှ မဟုတ်ဘဲ ဆရာ, ဆရာမတွေရဲ့ရှေ့မှာ၊ ကြည့်ရှုအားပေးကြတဲ့ ပရိသတ်ကြီးရဲ့ရှေ့မှာ၊ စာမေးပွဲဖြေတဲ့ သဘောလည်း ပါတာပေါ့။ ဆရာ, ဆရာမတွေရဲ့ရှေ့မှာ သီးသန့်စာမေးပွဲဖြေပြီးဖြစ်ပေမယ့် ဒီကပွဲဟာလည်း တကယ်တော့ သူတို့အတွက် စာမေးပွဲတစ်ခုပါပဲ။ ဒီအကြောင်း အေးကြည်စမ်းကို အထူးပြောနေဖို့ လိုမယ်မထင်ဘူး။ နင်တို့ နှစ်တွေတုန်းကလည်း သည်လိုပဲ မဟုတ်လား။ သည်လိုပဲ ခံစားခဲ့ရတယ် မဟုတ်လား။ ဒီနှစ် ကျောင်းဆင်းပွဲမှာတော့ "ရိုးသား ကြိုးစား တို့ တောင်သူလယ်သမား"ဆိုတဲ့ အော်ပရာကို ကပြကြတယ်။

နင်တို့ခေတ်တုန်းက ပညာသင်နှစ်တစ်နှစ်ကုန်လို့ စာမေးပွဲဖြေပြီး ကျောင်းဆင်းကပွဲကြီး ကျင်းပပြီဆိုရင် အပြင်လောကမှာရှိတဲ့ ဇာတ်ထောင်ဆရာတွေ၊ အငြိမ့်ထောင်ဆရာတွေဟာ ကျောင်းဆင်းပွဲကို ဂရုတစိုက်လာကြည့်ကြတယ် မဟုတ်လား။ သူတို့အငြိမ့်ထဲ, ဇာတ်ထဲအတွက် လူရွေးပွဲပေါ့။ မန္တလေးသဘင်လောကမှာတော့ ဒါဟာ အစဉ်အလာတစ်ခုပဲ။ ရုပ်ရည်ချောမောပြေပြစ်သူ၊ အကကောင်းသူ၊ အဆိုကောင်းသူစတဲ့၊ သူတို့လိုချင်တဲ့၊ လိုအပ်တဲ့ အရည်အချင်းနဲ့ ပြည့်စုံသူတွေကို ရွေးချယ်ကြတာပေါ့။ နင်တို့အဖို့ ဒါမှ တကယ့်စာမေးပွဲကြီး မဟုတ်လား။

ရုပ်ရည် ချောမောရုံသက်သက်နဲ့တော့ အလုပ်မဖြစ်ကြဘူး။ ရုပ်ရည်အတန်အသင့်သာရှိပေမယ့် အဆိုရော, အကရော သုံးနှစ်သုံးမိုး ဇွဲနဘဲနဲ့ ကြိုးစားခဲ့မယ်၊ ပါရမီလည်း အထိုက်အလျောက် ရှိမယ်ဆိုရင် အရွေးခံရတာပဲ။ ရုပ်ရည်လှပေ

mgyoe.com

mgyoe.com


မယ့် ကြိုးစားမှုမရှိတဲ့သူ၊ ရုပ်လှပေမယ့် ပါရမီအထုံ မပါတဲ့သူတွေနဲ့စာရင် ပိုပြီး ထွန်းတောက် အောင်မြင်ကြတာပဲ မဟုတ်လား။ ဒီလိုနဲ့ တို့မန္တလေးပန်တျာကျောင်းက ဆင်းဆင်းချင်းပဲ အငြိမ့်လောကမှာ တစ်ဟုန်ထိုး ထွန်းတောက်အောင်မြင်သွားကြသူတွေ ဒုနဲ့ ဒေးပဲ။ နှစ်ပေါင်းများစွာ အနစ်နာခံကြိုးစားပြီးမှ ထွန်းတောက်လာကြရသူတွေလည်း ရှိတာပါပဲ။ မိခင်ကျောင်းတော်ကြီးက ရိုးရာအမွေအနှစ်နဲ့ သဘင်ပညာစစ်စစ်ကို သင်ပေးလိုက်ပေမယ့် ဇာတ်ခုံပေါ်ရောက်တော့ ကော့ ကော် ကံ ကား နဲ့ နစ်မြုပ်ပျောက်ကွယ်သွားရသူတွေလည်း မနည်းလှပေဘူး။

နင်တို့ခေတ်ကတော့ ကျောင်းဆင်းသွားတဲ့အခါ လုပ်ကိုင်စားဖို့ "ခွင်"က ဒါပဲရှိတာ မဟုတ်လား။ နယ်ကျဉ်းလွန်းလှပါတယ်။ အငြိမ့်စင်၊ ဇာတ်စင်ပေါ်ရောက် ထွန်းတောက်သွားကြသူတွေ ရှိပေမယ့် အများစုကတော့ အလုပ်မဖြစ်ကြဘူး။ အဲဒီလိုကျဉ်းမြောင်းလှတဲ့ခွင်ထဲမှာပဲ မြန်မာ့ရိုးရာ သဘင်ပညာစစ်စစ်နဲ့ အငြိမ့်ခုံပေါ်မှာလည်း အငြိမ့်ခုံပေါ်အလျောက် အလံမလှဲ့ ကြိုးစားခဲ့ကြလို့ မန္တလေးအငြိမ့်၊ မန္တလေးသဘင်ရယ်ဆိုပြီး ရုပ်တည်အောင်မြင်ခဲ့တာ ဂုဏ်ယူစရာပဲ မဟုတ်လား။

မတူညီတာတွေလည်း အများကြီးပဲလို့ ငါ ပြောခဲ့တယ်နော်။ နင်တို့ခေတ်တုန်းကလို ကျောင်းဆင်းကပွဲကြီးကျင်းပတဲ့အခါ အပြင်မှာရှိတဲ့ အငြိမ့်ထောင် ဇာတ်ထောင်ဆရာတွေက တကူးတက လာမကြည့်ကြတော့ဘူး။ ပန်တျာကျောင်းလာပြီး မင်းသား, မင်းသမီးရှာတဲ့ခေတ် မဟုတ်တော့ဘူး။ အငြိမ့်ခေတ် ဇာတ်ခေတ်လည်း မဟုတ်တော့ဘူးလေ။ အငြိမ့်တွေ, ဇာတ်တွေ မရှိတော့ဘူးလားဆိုတော့ ရှိသင့်သလောက် ရှိပါသေးတယ်။ ဒါပေမယ့် အရင်တုန်းကလို မဟုတ်တော့ဘူးပေါ့။ တချို့ ဇာတ်ထောင်ဆရာတွေကလည်း ပန်တျာကျောင်းမှာ (၃)နှစ်သင်ထားတဲ့ မင်းသား၊ မင်းသမီးကို ရှေ့ထွက် လက်ထောက်ခန့်ဖို့ထက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲမှာ နာမည်ရသွားတဲ့ မင်းသားလေးကို ခေါင်းဆောင်တင်ဖို့ ဝန်မလေးကြပေဘူး။

နင်တို့ခေတ်ထက် ပိုပြီးကျယ်ပြန့်လာတာက နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားတဲ့ ယဉ်ကျေးမှု ကဇာတ်ကြီးမန္တလေးမှာ ပေါ်ထွန်းလာတာပဲ။ နင်တို့ ကျောင်းဆင်းပြီးစ ခေတ်ကတော့ ယဉ်ကျေးမှု ကဇာတ်ဆိုတာ ရန်ကုန်မှာပဲရှိတယ်။ အခုတော့ ရန်ကုန်မှာ ယဉ်ကျေးမှုကဇာတ်(၁)(၂)ရှိတဲ့အပြင် တို့မန္တလေးမှာလည်း ယဉ်ကျေးမှု ကဇာတ်ရှိနေပြီ။

ပန်တျာကျောင်းက ဆင်းတဲ့မင်းသား၊ မင်းသမီးတွေနဲ့ အတီးသမားတချို့တလေကိုရောပေါ့လေ။ ယဉ်ကျေးမှု ကဇာတ်ထဲမှာ အလုပ်ဝင်ခွင့်ရကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


အခန့်သင့်ရင် သင့်သလို တော်သူရော မတော်သူရောပေါ့။ ပြီးတော့ တပ်မတော်က ဖွဲ့စည်းထားတဲ့ နယ်လှည့်ဆက်ဆံရေးတပ်က ဇာတ်လည်းရှိသေးတယ်။ အဲဒီတော့ ရွေးအစဉ်အလာတိုင်း အငြိမ့်ထဲ ဇာတ်ထဲလည်း တချို့တလေရောက်၊ ယဉ်ကျေးမှုကဇာတ်ထဲလည်း အမှုထမ်းအခွင့်ရသူ ရကြ၊ နယ်လှည့်ဆက်ဆံရေးတပ်ထဲ လိုက်ကြနဲ့ဆိုတော့ အလုပ်မရှားဘူးဆိုရမှာပေါ့။ ဒါပေမယ့် ထူးထူးချွန်ချွန်အငြိမ့်စင်ပေါ်မှာ နာမည်တစ်လုံးရအောင် ကြိုးစားနိုင်တဲ့သူ၊ အကပညာကို တစ်ဖက်ကမ်းခပ်ကျွမ်းကျင်တတ်မြောက်သူ၊ ရှေ့ပိုင်း-နောက်ပိုင်း ဆို၊ ငို၊ ပြော ကျွမ်းကျင်တတ်မြောက်တဲ့သူရယ်လို့ ရှားသွားပြီ။ ငါမြင်တာပြောရရင်တော့ ပန်တျာကျောင်းကဆင်းပြီး ကဇာတ်ထဲလိုက်ကြတဲ့ မင်းသား မင်းသမီးလေးတွေ ကြိုးစားမှုနည်းကြတယ်။ ခေတ်အချိန်အခါနဲ့ ကံကြမ္မာအလျောက် နိုင်ငံတော်အစိုးရရဲ့ ယဉ်ကျေးမှုကဇာတ်ထဲ အမှုထမ်းခွင့်ရလို့ လခစားမင်းသား၊ မင်းသမီးဖြစ်ကြရတာကို ပညာရဲ့နောက်ဆုံးအဆင့် ရောက်ပြီလို့ယူဆနေတတ်ကြတယ်။ သူတို့အားလပ်တဲ့အချိန် အပြင်ကစားသောက်ဆိုင်တွေ၊ ညှော်ရိပ်သာတွေ၊ ဟိုဟိုသည်သည် ဧည့်ခံပွဲတွေမှာ သူတို့ဖျော်ဖြေခွင့်ရကြတယ်။ ခေတ်ကောင်းအခါကောင်းနဲ့ ကြုံလို့ ပွဲလမ်းသဘင်ပေါ်များတဲ့အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရကြတာ ဝမ်းသာစရာပဲ။ ဒါပေမယ့် များစွာသောအချိန်တွေမှာတော့ များစွာသော မင်းသား၊ မင်းသမီးလေးတွေဟာ ပညာဆက်ရှာဖို့ စိတ်မပါကြပေဘူး။

တို့နိုင်ငံတော်က ဖွဲ့စည်းတည်ထောင်ထားတဲ့ ယဉ်ကျေးမှုဇာတ်ကြီးဟာလည်း အနယ်နယ်အရပ်ရပ်ကို လှည့်ပြီး ကပြဖျော်ဖြေနေတာပဲ။ လုပ်ငန်းခွင်ထဲမှာ ရှိနေတဲ့ ဆရာ၊ ဆရာမတွေကလည်း စဉ်ဆက်မပြတ် သင်ပြပေးနေတာပါပဲ။ အပြင်က ပညာရှင်တွေနဲ့ တစ်ဦးချင်း တစ်ယောက်ချင်း ယှဉ်လိုက်တဲ့အခါ ကိုယ့်တပည့်ဖြစ်ခဲ့ဖူးတဲ့ မင်းသား မင်းသမီးတွေက ပိုပြီးသာစေချင်တာ ဆရာတစ်ယောက်ရဲ့စေတနာပေါ့။ ပညာက မအိုပါဘူး။ ရုပ်ရည်ကတော့ အိုသွားမှာပဲ။

မတူတာတွေကတော့ အများကြီးပဲပေါ့ အေးကြည်စမ်းရယ်။ နင်တို့ကျောင်းသူဘဝက မန္တလေးမှာ ပန်တျာနဲ့ ပန်းချီ၊ပန်းပုကျောင်းတွဲပြီး ကျောင်းအုပ်ကြီးတစ်ယောက်တည်းရဲ့ လက်အောက်မှာရှိခဲ့ကြတာ မဟုတ်လား။ အခု အများကြီးတိုးတက်သွားပြီ။ ပန်တျာဘက်က ကျောင်းအုပ်သီးသန့်၊ ပန်းချီပန်းပုဘက်က ကျောင်းအုပ်သီးသန့်ရှိတဲ့အပြင် ညွှန်ကြားရေးမှူးအဆင့်ထိ မန္တလေးမှာပဲ ရုံးထိုင်ပြီး အုပ်ချုပ်တယ်။

mgyoe.com

mgyoe.com


တစ်ဆယ့်လေးဇကေ ကျယ်ဝန်းတဲ့ဝင်းထဲမှာ နင်တို့ခေတ်ကတော့ အဆောက်အဦလေးငါးခုအပြင် ကုက္ကိုပင် အိုအိုကြီးတွေနဲ့ ဆူးဖြူပင်တွေပဲ တစ်ဝင်းလုံး ဖုံးလွှမ်းနေတာ မဟုတ်လား။ အခုတော့ အမျိုးသားဇာတ်ရုံကြီးရယ်၊ လေ့ကျင့်ဇာတ်ရုံအသေးနဲ့သုံးထပ်ရှိတဲ့ စီမံရေးရာအဆောက်အဦကြီးရယ်၊ ဧည့်ရိပ်သာရယ်အပြင်၊ ဝန်ထမ်းအိမ်ရာတိုက်တာတွေ တစ်ဝင်းလုံးအပြည့် အဆောက်အဦတွေချည့်ပဲ။ နင် ရောက်လာရင်မှတ်မိမှာ မဟုတ်ဘူး။ ဌာနခွဲတွေကလည်း ကဇာတ်ဌာန၊ စီမံရေးရာ ဌာန၊ ဇာတ်ရုံဌာန၊ သုတေသနနဲ့ လေ့ကျင့်ရေးဌာန၊ (ပန်တျာကျောင်း၊ ပန်းချီ၊ ပန်းပုကျောင်း)ရယ်လို့ ဌာနခွဲတွေ အသီးသီးရှိနေပြီ။ ပြီးတော့ အမျိုးသားဇာတ်ရုံကြီးရဲ့ဘေးမှာ စိန်ဗေဒါ၊ နန်းတော်ရှေ့ဆရာတင်၊ ဒေါ်စောမြအေးကြည်နဲ့ လေဘာတီ မမြရင်တို့ရဲ့ ကြေးရုပ်ကြီးတွေကလည်း ခန့်ညားထည်ဝါစွာတည်ရှိလို့။

၁၉၈၂-ခုနှစ်မှာ စိန်ဗေဒါကြေးရုပ်ကြီး စိုက်ထူပြီးစက စိန်ဗေဒါကြီးတော့ ကျားဆွဲခံရတော့မှာပဲလို့တောင် သတင်းစာမှာ ကာတွန်းဆရာတစ်ဦးက ရုပ်ပြောင်ရေးခဲ့သေးမဟုတ်လား။ အခုတော့ အမျိုးသားကဇာတ်ရုံကြီးမှာ ပြည်တွင်းပြည်ပ ကပွဲတွေနဲ့စည်ကားနေပြီလေ။

တူတာလေးတွေလည်း အငွေ့အသက်တော့ ကျန်ပါသေးရဲ့။ တို့မန္တလေးမှာက ပန်တျာကျောင်းရော၊ ပန်းချီပန်းပုကျောင်းပါ တစ်ဝင်းထဲအတူရှိတာမို့ ပြဖွယ်ကိစ္စ ဟူသမျှ ရှေးကလိုပဲ အတူဆောင်ရွက်ကြတယ်။ ကျောင်းဆင်းလက်မှတ်ပေးတော့လည်း အတူတွဲပြီးပေးတယ်။ ပန်းချီကျောင်းသားတွေနဲ့ ပန်တျာကျောင်းသားတွေဟာ ကျောင်းနေဘက် သူငယ်ချင်းတွေပဲ။ ဘော်ဒါဆောင်ရော စားသောက်ဆောင်ပါ အတူတူပဲမို့ မင်းသားပေါက်စတွေက သူတို့ရဲ့မှတ်စုစာအုပ်မှာ ပန်းချီဆေးတွေနဲ့ ဒီဇိုင်းလှလှတွေရေးကြပြီး ပန်းချီကျောင်းသားကြီးတွေကလည်း တယောထိုးတဲ့သူက ထိုးလို့ပေါ့။


ဒီလိုနဲ့ တို့မန္တလေးပန်တျာနဲ့ ပန်းချီ၊ ပန်းပုကျောင်းကြီး ရွှေရတုပွဲ ကျင်းပပြီးခဲ့ပါရောလား။

*

ရွှေမန္တလေး ဂျာနယ်၊ အမှတ်-၅၈၊ (၃ မေ ၂၀၀၄)

mgyoe.com

mgyoe.com SAMPLE BOOK



ဝေးကျန်ရစ်ခဲ့

**ကဗျာအကြောင်း . . .**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မိမိကဗျာထဲသို့ ပြန်လည်လမ်းလျှောက်ခြင်း(၁)

**ပြေးလမ်းသုညတစ်**

လက်ဖက်ရည်ဆိုင်မှာ
ကဗျာတစ်ပုဒ်ရောက်လာဖို့ဆိုတာ
သိပ်မသေချာဘူးပေါ့၊
သေချာတာတစ်ခုပဲရှိရဲ့
အဲဒါ. .
သိက္ခာတရားကို ပြိုကွဲစေမယ့်
စကားလုံးတွေပဲဖြစ်လိမ့်မယ်။
လရောင်မှုန်ပျ
ညအလင်းရဲ့
မြို့ရိုး၊ ကျုံးထိပ်၊ သစ်ရိပ်
ပလက်ဖောင်းတစ်လျှောက်မှာ
ကဗျာတစ်ပုဒ် ရောက်လာဖို့ဆိုတာ
သိပ်မသေချာဘူးပေါ့
သေချာတာတစ်ခုပဲရှိရဲ့
အဲဒါ . . .
. . . . . . . . . . . . .။

mgyoe.com

mgyoe.com


ငါ့သူငယ်ချင်းက ပန်းချီဆရာ။ ခန္ဓာကိုယ်က ထွားကြိုင်းတယ်။ စိတ်ဓာတ်ပြင်းထန်တယ်။ လောကကြီးနဲ့ သိပ်မတည့်ချင်ဘူး။ ဒေါသကြီးတယ်။ မာနလည်းကြီးတယ်။ လူတွေကို လှောင်ပြောင်သရော်ချင်တယ်။

ပန်းချီဆရာဆိုပေမယ့် ဝင်ငွေရှိတဲ့ ပန်းချီဆရာတော့ မဟုတ်ပါဘူး။ ပန်းချီလည်း ဆွဲချင်မှ ဆွဲဘယ်။ သူစိတ်ပါရင် ကင်မရာတစ်လုံးနဲ့ သူခင်တဲ့ မိတ်ဆွေတွေရဲ့ ဓာတ်ပုံကို ရိုက်ပြီး ပုံတူဆွဲချင် ဆွဲပေးနေတတ်တာ။ ပုံတူဆွဲတာ ဝါသနာပါပေမယ့် လူကိုယ်တိုင် အထိုင်ခိုင်းပြီး ဆွဲရတာ ပျင်းလို့တဲ့။ သူ့စိတ်ထဲ လိုအပ်တယ်ထင်မှ လူကိုယ်တိုင်ရဲ့ ကာရိုက်တာကို လာကြည့်တာ။ သူကြာချင်သလောက်ကြာတာ။

ကျောင်းဆရာမလုပ်နေတဲ့ သူ့မိန်းမကိုလည်း သူက အလုပ်ထွက်ခိုင်းလို့ ထွက်လိုက်ရတယ်။ သူတစ်ယောက်တည်း အိမ်မှာ ကလေးထိန်းရတာ ပျင်းလို့တဲ့။ ဒါနဲ့ မိန်းမပါ အလုပ်မရှိတော့ဘူးဆိုတော့ ဝင်ငွေမရှိဘူးပေါ့။ မိန်းမရဲ့ အဘွားကြီးကတော့ သူဌေးမကြီးပါ။ သူဌေးမကြီးဆိုပေမယ့် သူ့ကို အမြင်ကတ်လို့ပဲလားတော့ မသိဘူး။ ပစ်ထားတာ များတယ်။ ပစ်မထားတဲ့အခါတွေလည်း ရှိပါတယ်။ အဲသည်အခါကျရင်တော့ အဘွားကြီးက အိမ်လေး ဝင်းလေး ဝယ်ပေးသွားတတ်တယ်။ ဒါပေမယ့် အဘွားကြီးက ဝယ်ပေးသွားတဲ့ အိမ်နဲ့ ဝိုင်းကလေးကိုလည်း ပြန်ရောင်းလိုက် ပြန်ဝယ်လိုက်နဲ့ဆိုတော့ အိမ်နဲ့ ဝိုင်းဟာ တဖြည်းဖြည်း ကြီးရာက သေးသေးလာတယ်။ တဖြည်းဖြည်းနဲ့ မြို့လည်က ဆင်ခြေဖုံး၊ ဆင်ခြေဖုံးကနေ လယ်ကွင်းထဲရောက်လာတယ်။

တစ်ခါတုန်းကတော့ ပန်းချီဆရာနဲ့ ကျွန်တော်ဟာ မန္တလေးတောင်ပေါ်မှာ မှန်ပြောင်းပြတဲ့အလုပ်ကို လုပ်ကြတယ်။ သူ့အလုပ်ပါ။ ကျွန်တော်က သူ့လက်ထောက်ပါ။ မန္တလေးတောင်ပေါ်ကနေ လေးဘက်လေးတန် ပတ်ဝန်းကျင် အရပ်ဒေသတွေကို မှန်ပြောင်းနဲ့ ထိုးပြရတာပေါ့။ အရှေ့တောင်ဘက်က အောင်ပင်လယ်အရပ်တွေ ဆီ၊ အနောက်တောင်ဘက်က စစ်ကိုင်းတံတားကြီးဆီ၊ မဟာမုနိဘုရားကြီးဆီ၊ မြင်ကွင်းကောင်းမယ်ထင်တဲ့ ပတ်ပတ်လည် အရပ်တွေဆီကိုပေါ့။

မှုန်မှုန်ဝါးဝါးမြင်ရတဲ့ အရာတိုင်းကို အဲဒါက ဘာဘုရား၊ အဲဒါက ဘာအရာ . . .၊ အဲဒါက ဝါကင်းကုန်းဘုရားပေါ်က ငှက်လေးနှစ်ကောင်၊ အဲဒါက တံတားပေါ်ဖြတ်သွားနေတဲ့ မိန်းကလေးတစ်ယောက် . . . ဟောဟော . . .၊ အဲဒီ မိန်းကလေး

mgyoe.com

mgyoe.com
SAMPLE BOOK


တံတားပေါ်ကများ ခုန်ချလိုက်မလား မသိဘူးနော်. . . သူ့ကြည့်ရတာ တစ်မျိုး ပဲဗျ. . . လက်ကိုင်ဖုန်းလေးများပါရင် တံတားစောင့်တွေကို လှမ်းသတိပေးလိုက်ရ အကောင်းသား. . .။

ပန်းချီဆရာမှာ မှန်ပြောင်းကြည့်သူကို ပြောလိုက်၊ သူကိုယ်တိုင် ဝင်ကြည့်လိုက်၊ ကျွန်တော့်ကို အကြည့်ခိုင်းလိုက်ဖြင့် အလုပ်ရှုပ်နေ၏။ မှန်ပြောင်း လာကြည့်သူမှာလည်း အင်းအင်း. . . အင်း. . . အင်းဖြင့် စိတ်ဝင်စားနေဟန် တူ၏။ ကျွန်တော် ကြည့် သောအခါ၌ကား လူမပြောနှင့် ကားပင် ကောင်းကောင်း မမြင်ရ။

ထိုအလုပ်မှာ အရင်းအနှီးစိုက်ရတာ မဟုတ်တော့ မဆိုးလှပါ။ နေ့စဉ် ထမင်းဖိုး ဟင်းဖိုးထိ မပြည့်စုံတောင် လက်ဖက်ရည်ဖိုး၊ အရက်ဖိုးတော့ မပူရ။ ကျွန်တော်တို့နှစ်ဦး လက်ဖက်ရည် မှန်မှန်သောက်နိုင်တယ်။ အရက်ဖိုးလည်း အဆင်ပြေလျှင် ပြေသလိုပေါ့။ ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာက စကားကို စနစ် တကျ ပြောတတ်တယ်။ “စနစ်တကျ”ဆိုတာ သူ့ဘက်က အမြင်ပေါ့ဗျာ။ (ကျွန်တော်ကလည်း သည်လိုပဲမြင်ပါတယ်) စကားကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း တစ်ဖက်လူ ပြန်လှန် မငြင်းခုံနိုင်အောင်၊ မချေပနိုင်အောင် အပိုင်ပြောတာပါပဲ။ စာကိုလည်း သေသေချာချာဖတ်ပြီး အတိအကျ ပြောတတ်တယ်၊ “ကောက်ပင်ရိတ် လှီး” ပြောနည်းပေါ့။ ကြာတော့ အငြင်းသန်တဲ့အဆင့် ရောက်သွားတော့တယ်။ လူတွေနဲ့ သိပ်မတည့်ချင်တော့ဘူး။

( ၂ )

အင်းဆက်တစ်ကောင်နဲ့တွေ့ဆုံပွဲမှာ
ကျန်းမာရေးချို့တဲ့ခဲ့ရတဲ့
ငှါမိတ်ဆွေမလေးရေ . . .
သိက္ခာတရားအတွက်
အရှက်ရတဲ့အခါ
မိမိကိုယ်မိမိ ကာကွယ်နိုင်ဖို့
ပျက်လုံးတစ်ခုတော့ အဆင်သင့်ရှိသင့်ရဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK


ငါ့မိတ်ဆွေမလေးဟာ အမျိုးသမီးစာရေးဆရာမလေးပါ။ သူဘယ်လောက်တော်တယ်ဆိုတာ. . . တစ်နိုင်ငံလုံးအသိပါ။ သူ့ ဝတ္ထုတိုတွေကို လူတွေက နှစ်သက်ကြတယ်။ နှစ်ခြိုက်စွဲလမ်းကြတယ်။ ဝတ္ထုတိုတိုင်းဟာ အတွေးရဲတယ်။ အရေးလှတယ်။ ရှင်းတယ်။ သူ့အသက်အရွယ်နဲ့ သည်လိုတွေးနိုင်တာ၊ ရေးနိုင်တာ အံ့မခန်းပါပဲ။ လူတိုင်းလက်ဖျားခါရတာပေါ့။

တစ်နေ့မှာ ငါ့မိတ်ဆွေမလေးဟာ အင်တာဗျူးသမားတစ်ဦးနဲ့ တွေ့တယ်။ ကြီးကြီးကျယ်ကျယ် တခမ်းတနား အင်တာဗျူးလုပ်တာ မဟုတ်ပါဘူး။ အမှတ်တမဲ့ သွားရင်း လာရင်း၊ စပ်မိစပ်ရာ မေးကြ ဖြေကြတာပါ။ တကယ်တော့ အင်တာဗျူးဆရာကမျက်နှာလုပ်ချင်. . . ရောချင်တာနဲ့အကြောင်းမရှိဘဲ အကြောင်းရှာပြီး သတင်းလုပ်ရေးလိုက်တာပါ။ ဒါပေမယ့် ငါ့မိတ်ဆွေမလေးရဲ့ အဖြေမှာ အနည်းငယ် ချို့ယွင်းသွားခဲ့တယ်။

( ၃ )

ရေခံမြေခံလည်းမကောင်း
ညံ့ဖျင်းတဲ့မျိုးစေ့တွေနဲ့
အပေါ်စားအောင်မြင်ကျော်ကြားမှုတို့ ပေါက်ရောက်ရာ
ရွံ့ညွန်ထူထပ်တဲ့ ဟောဒီရပ်ဝန်းမှာ
မင်းနေရစ်ခဲ့ပေတော့
နေခဲ့ပေရော့ဆိုပြီး
ငါ့မိတ်ဆွေဟာ ထွက်ခွာသွားပေါ့။
ဝေဖန်ရေးအမြင်လည်းရှိပြီး
သရော်ပြောင်လှောင်မှုတစ်ဝက်နဲ့
လောကကို ပြက်ရယ်ပြုတတ်တဲ့
ငါ့မိတ်ဆွေဟာ
ကမ္ဘူးရှူးထိုးထွက်ခွာသွားပေါ့။
ကြယ်တွေနဲ့ တိုးတိုက်မိမတတ်

mgyoe.com

mgyoe.com SAMPLE BOOK


မှောင်မှောင်မည်းမည်း ကံတရားလမ်းမကြီးပေါ်မှာ
ကဗျာတစ်ပုဒ်ရှိရာ သူထွက်သွားပေါ့။

မိတ်ဆွေက ပြင်းထန်တယ်၊ အငြင်းသန်တယ်။ သူ့ရဲကောင်းဖြစ်ချင်တယ်။ အကောင်းတွေချည်း သူမလုပ်နိုင်ခဲ့ပေမယ့် မကောင်းတာလုပ်ရင် သူမုန်းတယ်။ အပေါ်စား အောင်မြင်ကျော်ကြားမှုကို စက်ဆုပ်တယ်။

ဒါပေမယ့် အခုတော့ ငါ့မိတ်ဆွေသေပြီ။ မရှိတော့ပြီ။ အမှန်တရားမှ တပါးတစ်ပြားသားမှ မလျှော့နိုင်ဘူးဆိုတဲ့ ငါ့မိတ်ဆွေသေပြီ။ မှောင်မှောင်မည်းမည်း ကံတရားလမ်းမကြီးပေါ်မှာ ကြယ်တွေနဲ့ တိုးတိုက်မိမတတ် ကဗျာတစ်ပုဒ်ရှိရာ ကမူးရှူးထိုး သူထွက်ခွာသွားပြီ။ လောကကို ပြက်ရယ်ပြုတတ်တဲ့ ငါ့မိတ်ဆွေဟာ သရော်လှောင်ပြောင်မှု တစ်ဝက်နဲ့ ဝေဖန်ပြောဆိုပြီး ထွက်ခွာသွားချေပြီ။ အပေါ်စား အောင်မြင် ကျော်ကြားမှုတွေထဲ မင်းနေရစ်ခဲ့ပေရော့တဲ့။

( ၄ )

ငါ့မှာသာ
ရာဇဝင်ကို တုတ်နှောင်ထားတဲ့
ဝိုင်ယာကြိုးတစ်စကို ဆုပ်ကိုင်ရင်း
လျှပ်စစ်စီးမျောနေတဲ့
မြေဆွဲအားရဲ့ဗဟိုချက်တည်ရာ
ဟောဒီ ၈၄ လမ်းမကြီးပေါ်မှာ
ယောင်ချာချာကျန်ရစ်ခဲ့။

ငါ့မိတ်ဆွေကား. . . သေလေပြီ။ လှောင်ပြောင်ဝေဖန် အငြင်းသန်၊ ရန်ဖြစ်တတ်တဲ့ ငါ့မိတ်ဆွေ အခုတော့ သေလေပြီ။ ငါ့မှာသာ ၈၄ လမ်းမကြီးပေါ်မှာ ယောင်ချာချာ ကျန်ရစ်ခဲ့ရပေါ့။

အကျိုးမဲ့အကြောင်းမဲ့ မင်းသေရက်လေခြင်းနော်။

mgyoe.com

mgyoe.com

SAMPLE BOOK

လောကကြီးကို ငါကျိန်ဆဲတယ်။ ငါ့မိတ်ဆွေကိုလည်း ငါကျိန်ဆဲတယ်။ မျက်သွယ်ကဖေးမှာ တစ်နေ့ကုန်ထိုင်ပြီး ၈၄ လမ်းမကြီးပေါ် ဖြတ်သွားသူတိုင်းကို ငါကျိန်ဆဲတယ်။

ဘယ်လိုမှ အိပ်လို့မရတာနဲ့ ညဥ့်နက်သန်းခေါင်မှာ ဒေါက်တာအုပ်စိုးအခန်းကို ငါရောက်သွားတယ်။ ငါ့မိတ်ဆွေကို ငါကျိန်ဆဲတယ်။ ငါ့မိတ်ဆွေမကောင်းတာတွေ ငါပြောတယ်။ ငါ့မိတ်ဆွေ အသုံးမကျတာတွေ ငါပြောတယ်။ ငါ့မိတ်ဆွေ အသုံးမကျတာတွေ ငါချရေးတယ်။

သည်ကဗျာ ရွှေဝတ်ရည်မဂ္ဂဇင်းမှာ ပါလာတော့ ငါ့ မိတ်ဆွေ သေပြီးပြီ။ သူဖတ်မသွားရရှာဘူး။

*

ကလျာမဂ္ဂဇင်း၊ အမှတ်-၂၉၁၊ (ဇွန် ၂၀၀၉)

mgyoe.com

mgyoe.com SAMPLE BOOK

## မိမိကဗျာထဲသို့ ပြန်လည်လမ်းလျှောက်ခြင်း(၂)

ဖူးပွင့်ခဲ့ပြီ
ထိုကာလများ၌လည်း
နေသည် အရှေ့မှထွက်၏
အနောက်ဘက်သို့ဝင်၏
ပန်းတို့သည် မွှေးကုန်၏
ခြေလေးချောင်း သတ္တဝါတို့
မြေကြီးပေါ် လေးဘက်တွား၍
ဦးခေါင်းလှည့်ရာအရပ်သို့ သွားကုန်၏။

ထိုကာလတွေဆီတုန်းကတော့ ကျွန်တော်ဟာ တစ်ယောက်တည်း ပြိုင်ပွဲဝင်နေရသူပါ။ ကမ္ဘာကြီးကို မမြင်ဖူးသေးဘူး။ နေထွက်ရာအရပ်ကို မသိဘူး။ ပင်လယ်ကို မမြင်ဖူးဘူး။ ကောင်းကင်မှာ လေယာဉ်တွေ ဘာ့ကြောင့် ပျံဝဲနေတယ်ဆိုတာ ကျွန်တော်မသိဘူး။ ပန်းတွေဘာကြောင့် မွှေးတယ်ဆိုတာလည်း ကျွန်တော် မသိဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

ကဗျာရေးခြင်းဟာ ကဗျာမရေးခြင်းနဲ့တော့ ကွာခြားပါတယ်။ အမြင့်ဆုံးအထိ စိတ်ကူးယဉ်ထားလေတော့ ကိုယ့်စိတ်ကူးရဲ့ ထိပ်ဖျားအထိ ကိုယ်ရောက်အောင် မတက်နိုင်ခဲ့ပြန်ဘူး။

နယူတန်ကို မမွေးဖွားမီက
ကြွေခဲ့ရသော သစ်သီးတို့အတွက်
ဤမဟာပထဝီမြေကြီးကိုသာ
ငါ အားနာမိတော့သည်။
ပန်းပွင့်ထဲဝင်ပုန်း
လမင်းကိုဆုံးရှုံးခဲ့ရပေါ့။
ညကြီးမင်းကြီးဆိုတာ
သူခိုးသူဝှက်တွေ မလာအောင် စောင့်ရတယ်၊
ကဗျာရေးရတယ်။

ကျွန်တော်ဟာ စာမှတ် ၀၀၇/ဃ-၂/၁၉၇၃၊ ၁၉၇၄ ရက်စွဲ၊ ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်ဖြင့် နိုင်ငံတော်အစိုးရက ခန့်ထားတဲ့ ညစောင့်ဒရဝမ် တစ်ယောက် ဖြစ်တယ်။ ခြေလှမ်းတိုင်းဟာ ကဗျာအပေါ်မှာ အတွေးတိုင်းဟာ ကဗျာထဲမှာ၊ စကားလုံးတိုင်းဟာ ကဗျာအကြောင်းအရာ။ မြင်ကွင်းတိုင်းဟာ ကဗျာဖွဲ့စရာ။

သည်ကဗျာ(ဖူးပွင့်ခဲ့ပြီ) ချရေးပြီးတဲ့ ကာလရောက်တော့ ကျွန်တော်ဟာ ကဗျာရေးသက် မနုနယ်တော့ပါဘူး။ ဒါပေမယ့် မရင့်ကျက်သေးဘူး။ ပိုင်စိုးဝေ ဖြစ်ဖို့ရာ ပိုင်စိုးဝေ မဟုတ်တာတွေ အများကြီးကို ထားပစ်ခဲ့ရတယ်။ ပိုင်စိုးဝေဖြစ်ဆဲမှာ ပိုင်စိုးဝေ မဟုတ်တာတွေ အများကြီးကို ဖြတ်သန်းခဲ့ရတယ်။

သည်ကဗျာကို ပုံနှိပ်ဖော်ပြခဲ့တာ ၁၉၈၆၊ ဇွန်လထုတ် စံပယ်ဖြူမဂ္ဂဇင်းမှာပါ။ ၈၆၊ ဇွန်လဆိုတော့ စံပယ်ဖြူမဂ္ဂဇင်းရဲ့ သက်တမ်းဟာလည်း တစ်နှစ်ခွဲမျှသာရှိပါသေးတယ်။ ကလျာတို့၊ မဟေသီတို့၊ လုံမလေးတို့ဟာလည်း သူ့လိုင်းနဲ့ သူရှိကြသလို စံပယ်ဖြူမဂ္ဂဇင်းကလည်း သူ့လိုင်းနဲ့သူပါပဲ။ ကဗျာသမားတွေကတော့ စံပယ်ဖြူမဂ္ဂဇင်းကို ပိုပြီးအားထားကြတယ်။ မိုးဝေကာလ နောက်ပိုင်းမှာ စံပယ်ဖြူဟာ ကဗျာ မဂ္ဂဇင်းပါပဲ။ နွေလယ်နေတို့၊ ဒဏ္ဍတို့ရဲ့ကဗျာတွေကို ကျွန်တော် စွဲစွဲလမ်းလမ်း ဖတ်မိတယ်။

mgyoe.com

နောင် နှစ်ကာလတော်တော်ကြာမှာ သည်ကဗျာစာပိုဒ်ထဲက "လမင်းကို ဆုံးရှုံးခဲ့ရပေါ့"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝတ္ထုတိုတစ်ပုဒ် ရေးမိတယ်။ ကိုသာချိုတို့၊ နေစိမ့်တို့၊ ယမုံတို့ လုပ်ကိုင်ကြတဲ့ "အိပ်မက်ဖူး"မဂ္ဂဇင်းထဲမှာပါ။ ဝေမှူးအိမ်နဲ့ အခြား ကဗျာဆရာ နှစ်ယောက် သုံးယောက်လည်း သူတို့ရဲ့ ကဗျာစာအုပ်များမှာ သည်ကဗျာကို ထည့်သွင်းဖော်ပြကြတယ်။ ဝေမှူးအိမ်ဆီက ခွင့်တောင်းတဲ့ စာလေး ရောက်လာပေမယ့် စာအုပ်အမည် ကျွန်တော် မမှတ်မိတော့ဘူး။ "လမင်းကို ဆုံးရှုံးခဲ့ရပေါ့" ဝတ္ထုတိုက ပိုင်စိုးဝေအမည်နဲ့ မဟုတ်ပါဘူး။ "နန်းရှေ့သူ ဖြူဖြူ" ကလောင်အမည်နဲ့ပါ။

ဆီးနှင်းတို့ ပျော်ကျနေဆဲ
လက်ဆွဲနှုတ်ဆက်
တစ်ဝက်သောအပြုံးကိုသာ
သင်တို့အား ငါပေးဝေခဲ့
နီတိ
ရာဇဝင်
ပုံပြင်များစွာကို ကျက်မှတ်
အသက်ရှူခြင်း အတတ်ကို သင်ယူခဲ့ပြီးပြီ။
လမ်းမပေါ် တွေ့ကြတဲ့အခါ
ငါ ကဗျာဆရာပဲ ဟေ့ . . .
(ရယ်မောခြင်း သည်းခံပါ)

"ကဗျာဆရာဖြစ်ပြီးရင် နောက်ထပ်ဘာမှ မဖြစ်ချင်တော့ဘူး"ဆိုတဲ့ ကာလ တွေပါပဲ။ "လက်ဖက်ရည်ဆိုင် အထိုင်များရင် တစ်ဘဝလုံး လွဲချော်သွားနိုင်တယ်" ဆိုပြီးတော့လည်း ကျွန်တော် ကြွေးကြော်ခဲ့တယ်။ ဝေချစ်ကိုက ကိုခင်ဝမ်းရဲ့ "စိတ္တဇ ပန်းချီ" စာအုပ်ဖတ်နေတာနဲ့ စကားမပြော ဖြစ်ကြလို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း သည်ကဗျာစာပိုဒ်ကို ချရေးမိတယ်။

လွန်ခဲ့တဲ့နှစ်ရက်က ကိုစိန်အေးနဲ့ကျွန်တော် လမ်းမပေါ်မှာ အယူအဆချင်း ကွဲလွဲခဲ့ကြတယ်။ လေတိုက်ခတ်မှု ရာသီဥတုပေါ်မှာ မူတည်ပြီး စိတ်ဓာတ်အတက် အကျဟာ ပြောင်းလဲနေတတ်တာပဲ။ သူက ပန်းချီအကြောင်း ပြောနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က ကဗျာအကြောင်း တွေးနေတယ်။

ဘဝအား
အကုသိုလ်၏
အကျိုးတရားအဖြစ်
အမိဗွာယ်ဖွင့်သောအခါ
ဝေဒနာမြစ်သည်
အဟုန်ပြင်းစွာ စီးဆင်းခဲ့လေပြီ။

"ပန်းကလေး"ဆီက ငြင်းပယ်တဲ့ ပြန်စာရတဲ့ညက ကျွန်တော် အရက်သောက်တယ်။ ကျူးပတ်ပြီးတော့ "ဆူးခင်းလမ်း"သီချင်းကို အော်ဆိုတယ်။

မိန်းကလေးရေ . . .
ပန်းရိုင်းတွေက
မြေကြီးပေါ်မှာ ဖူးပွင့်လို့
ငှက်ကလေးတွေ
လေထဲမှာ ပျံသန်းလို့
အဝေးကြီး . . .
ဟိုး. . . အဝေးကြီးက
ရယ်မောသံတွေ
ဝှါရင်ထဲမှာ
ဆွေးမြည့်သေဆုံးနေကြ
ဘဝတစ်ခုလုံးနဲ့တော့
မလဲနိုင်ခဲ့ဘူးကွယ်။

ကိုပိုင်သနဲ့ ကျွန်တော် ဈေးချို ညဈေးတန်း လမ်းလျှောက်ပြီး သွားကြတယ်။ ကိုသန်းဌေးဆီ စာအုပ်ဟောင်း (၃)အုပ် ရောင်းတယ်။ ဝဏ္ဏဗောဓနေသတ်အင်း။ နွေတစ်ည။ ကဗျာ့စွယ်စုံကျမ်း။ မင်္ဂလာဘားမှာ အရက်သောက်ကြတယ်။ ပါဆယ်ယူလာပြီး အရှေ့တောင်ကျုံးထောင့်အနီး သခွပ်ပင်အောက်မှာ ထပ်သောက်ကြတယ်။ သူရေးနေတဲ့ "ကြည့်မှန်ပေါ်က ဖုံမှုန့်များ" ဝတ္ထုတိုအကြောင်း ပြောတယ်။ ကျွန်တော်

mgyoe.com

က ရေးနေဆဲ "ဖူးပွင့်ခဲ့ပြီ" ကဗျာစာပိုဒ်အချို့ကို ရွတ်တယ်။ ရွတ်နေရင်း အသံကျယ်သွားတာနဲ့ ယူနီဖောင်းနဲ့ လူနှစ်ယောက်ထွက်လာပြီး မောင်းထုတ်လို့ ပြန်ပြေးခဲ့ကြရတယ်။

နှလုံးသားကို ယုံကြည်ခဲ့တယ်
ပြီးတော့၊
လူတွေကိုလည်း ငါချစ်ခဲ့တယ်
ဂန္ထဝင်ဟန်ကို
တောင်ထိပ်ပေါ်က
ခေါ်သံတစ်ခုလို
ငါရယ်မောပစ်ခဲ့ပေ့ါ။

မဟေသီမဂ္ဂဇင်းတွင် ကိုဟိန်းလတ်က 'အင်တာဗျူး'လုပ်တုန်းက သည်စာပိုဒ်ကို အကြောင်းပြုပြီး မော်ဒန်နှင့် ဂန္ထဝင်တို့ကို မေးခဲ့သည်။ ဂန္ထဝင်ကို ထားပစ်ခဲ့ပြီလားဟုလည်း မေးသည်။ ကျွန်တော်ကလည်း ဤသဘောတရားအတိုင်းပင် ဖြေခဲ့သည်။ မော်ဒန်ဘက်ကရပ်တည်ပြီး ဖြေဆိုခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင်ကား ကျွန်တော်သည် မော်ဒန်သမား မဟုတ်တော့ပါ။ ဘာသမားမှလည်း မဟုတ်တော့ပါ။ အထူးသဖြင့် စကားပြေတွင် မော်ဒန် မဆန်တော့ပါ။ အကြောင်းအရာကို ရွေးချယ်စိစစ်ပြီး တတ်နိုင်သမျှ ရိုးရိုးရှင်းရှင်းပင် ရေးဖို့ ကြိုးစားပါသည်။ ကဗျာကိုတော့ တတ်စွမ်းသရွေ့ ဆန်းသစ်ဖို့ လိုသည်ဟုပင် ခံယူဆဲဖြစ်ပါ၏။ ကိုယ်ကိုယ်တိုင် ဆန်းသစ်တီထွင်ရန် မကြိုးစားနိုင်သဖြင့် တီထွင်သူရှိလာလျှင် ကျေးဇူးတင်ရပါသည်။ မကြာခင် ကာလအတွင်းက ကိုဇေယျာလင်းက (L.P)ကဗျာဆိုတာကို တင်ပြထားပါသည်။ စေတနာဖြင့် ကြိုးပမ်းတင်ပြထားခြင်း ဖြစ်သည်ဟုလည်း ယုံကြည်ပါသည်။ သို့ရာတွင် ကျွန်တော်က ပိတောက်ပွင့်သစ်မဂ္ဂဇင်း တွင် " L.G ကဗျာဆရာနှင့် တယ်လီဖုန်းစကား"ဆိုသောကဗျာ ရေးလိုက်မိသည်။ လူပုဂ္ဂိုလ်ကို ခင်မင်မှုဖြင့် နောက်ပြောင်မိခြင်းသာ ဖြစ်ပါသည်။ ကဗျာသဘောတရားနှင့် သီဝရီတို့ကို ပုတ်ခတ်ဝေဖန်ခြင်း မဟုတ်ပါ။ သဘောတရားတစ်ခုခုကို ကျွန်တော် ပုတ်ခတ်တတ်သူ မဟုတ်ပါ။ ကိုယ်လက်မခံချင်လျှင် လက်မခံရုံသာပ။ ပြစ်တင်ဝေဖန်မှု မပြုတတ်ပါ။ ပြစ်တင်ဝေဖန်သည်ဟု ကိုဇေယျာလင်း

mgyoe.com